ကြေးမုံ

The Mirror

၁၉၅၇ မေ ၁၆ တွင် စတင်တည်ထောင်သည်။

Established in 1957

၁၃၇၇ ခုနှစ်၊ သီတင်းကျွတ်လပြည့်ကျော် ၁၂ ရက်၊ တနင်္လာနေ့ (9-11-2015) (၈၃၇၉)


## နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့သဝဏ်လွှာများပေးပို့

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံဘုရင် ပရယ်ဘတ် ဆမ်ဒက် ပရယ် ဘိုရိုနစ် နိရိုဒွန် သီဟာမိုနီ ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။

အလားတူ ၂၀၁၅ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၂)နှစ်မြောက် လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်ထံမှ ကမ္ဘောဒီးယားနိုင်ငံဝန်ကြီးချုပ် ဆမ်ဒက် အာခါ မိုဟာ ဆီနာ ပါတိုင်း တဲ့ချို ဟွန်ဆင် ထံသို့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**


# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများ အားတက်သရော ဆန္ဒမဲပေးကြ

နေပြည်တော် နိုဝင်ဘာ ၈

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှစတင်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ကျင်းပရာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၂၆ နေရာ၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ် ၁၆၈ နေရာနှင့် တိုင်းဒေသကြီး/ပြည်နယ်လွှတ်တော်ကိုယ်စားလှယ်နေရာများအတွက် မဲဆန္ဒရှင်ပြည်သူများက ဆန္ဒမဲပေးကြသည်။ စာမျက်နှာ ၃ ကော်လံ ၁ သို့ ☆



နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့် ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆန္ဒမဲပေးပြီးကြောင်း မင်တို့အမှတ်အသားပြုခဲ့ကြသည်ကို တွေ့ရစဉ်။ (ဓာတ်ပုံ-မြန်/ဆက်)

ကြေးမုံစာတည်းရှုထောင့် ၉-၁၁-၂၀၁၅၊ တနင်္လာနေ့

# နိုင်ငံတော်သစ်ကိုအားလုံးတည်ဆောက်

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်၏ ပြုပြင်ပြောင်းလဲရေး လုပ်ငန်းစဉ်များ ဆက်လက်အရှိန်မြင့်တင်နိုင်ရန်အတွက် အရေးကြီးသည့် နိုင်ငံရေးသမိုင်းဝင်ဆောင်ရွက်ချက်ဖြစ်သော ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး၏ မဲပေးခြင်းလုပ်ငန်းစဉ်များ အောင်မြင်စွာ ပြီးမြောက်ခဲ့ပေသည်။

မဲဆွယ်စည်းရုံးရေးကာလမတိုင်ခင်က မဲပေးခွင့်ရှိသည့် ပြည်သူများ အနေဖြင့် စိတ်ဝင်စားမှုလျော့နည်းခဲ့သော်လည်း မဲဆွယ် စည်းရုံးရေးကာလ ပြိုင်ဆိုင်မှုအရှိန်မြင့်လာသောအခါတွင် ပြည်သူများ ရွေးကောက်ပွဲအပေါ် ပိုမိုစိတ်ဝင်စားမှုရှိလာသည်ကို တွေ့ရပါသည်။

မဲဆွယ်စည်းရုံးရေးကာလတွင် ပြည်သူများ၊ နိုင်ငံရေးပါတီများ၊ ကိုယ်စားလှယ်လောင်းများ၊ သက်ဆိုင်ရာ အဖွဲ့အစည်းများအနေဖြင့် ဥပဒေ၊ နည်းဥပဒေနှင့် ကျင့်ဝတ်စည်းကမ်းများကို လေးစားလိုက်နာပြီး ပါဝင်လှုပ်ရှားခဲ့ကြသည်မှာအမှန်ဖြစ်သည်။ မြန်မာနိုင်ငံတွင် ရွေးကောက်ပွဲအတွေ့ အကြုံနည်းပင်နည်းငြားသော်လည်း နိုင်ငံသားများက မြန်မာ့နိုင်ငံရေးတွင် ကိုယ့်နည်းကိုယ့်ဟန်ဖြင့် စနစ်တကျဆောင်ရွက်ခဲ့ကြသည်မှာ ဝမ်းမြောက် ဂုဏ်ယူဖွယ်ပင်ဖြစ်သည်။

မြန်မာနိုင်ငံရှိလူငယ်လူရွယ်များ၏ မြန်မာ့နိုင်ငံရေးတွင် တက်ကြွစွာ ပါဝင်လှုပ်ရှားခဲ့ကြသည်မှာလည်း အားရဖွယ်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူများ အတွက် ရွေးကောက်ပွဲဆိုင်ရာ ပညာပေးလုပ်ငန်းများ၌ ပါဝင်ဆောင်ရွက်ခဲ့ကြ သည့် လူငယ်အဖွဲ့အစည်းများနှင့် အရပ်ဘက်လူ့အဖွဲ့အစည်းများ၏ ကြိုးပမ်း အားထုတ်မှုများအား အထူးအသိအမှတ်ပြုအပ်ပေသည်။

ရွေးကောက်ပွဲလုပ်ငန်းစဉ်အဆင့်ဆင့်၌ မြန်မာလူငယ်များ၏ တက်ကြွစွာ ပါဝင်လှုပ်ရှားပြီး ပူးပေါင်းဆောင်ရွက်မှုများမှာ တိုင်းပြည်၏အနာဂတ်အတွက် ကောင်းမွန်သည့်လက္ခဏာများပင်ဖြစ်သည်။ မဲဆန္ဒရှင်ပြည်သူ လူတန်းစားမရွေး၊ အရွယ်သုံးပါးမရွေး ရွေးကောက်ပွဲအပေါ် စိတ်ဝင်စားမှုမြင့်တက်လာသည်မှာ မိမိနိုင်ငံကြီး တိုးတက်မြင့်မားစေလိုသည့် စိတ်ရင်းစေတနာများပင်ဖြစ်သည်။

ရွေးကောက်ပွဲကြီးတွင် အရပ်ဘက်လူ့အဖွဲ့အစည်းများ၊ နိုင်ငံတကာအဖွဲ့ အစည်းများအား စောင့်ကြည့်လေ့လာခွင့်ပြုခဲ့ခြင်းနှင့် သတင်းမီဒီယာ သမားများအား ဥပဒေစည်းကမ်းနှင့်အညီ သတင်းရယူခွင့်ပြုပေးခဲ့ခြင်းများ ကို မြင်တွေ့ခဲ့ရသဖြင့် လွတ်လပ်ပြီးတရားမျှတသည့် ရွေးကောက်ပွဲကြီးဖြစ်ပေါ် လာအောင် ဆောင်ကြဉ်းပေးထားသည်မှာ ထင်ရှားပါသည်။

ထွက်ပေါ်လာမည့် ရွေးကောက်ပွဲရလဒ်အပေါ် စိုးရိမ်ပူပန်မှုရှိနေသည် ဟု ကြားသိရသော်လည်း ဖော်ပြပါအချက်များနှင့် လက်တွေ့မြေပြင်၌ ကောင်းမွန်သော တွေ့ရှိချက်များအရ စိုးရိမ်ပူပန်မှုများကို လျော့ကျစေမည် ဖြစ်သည်။ ဝင်ရောက်ယှဉ်ပြိုင်ကြသည့် နိုင်ငံရေးအင်အားစုများကလည်း မဲဆန္ဒရှင် ပြည်သူများ၏ အဆုံးအဖြတ်ကို တညီတညွတ်တည်း သဘောထား ကြီးကြီးဖြင့် လက်ခံကြရမည်ဖြစ်သည်။

နိုင်ငံတော်အနေဖြင့်လည်း တရားမျှတသည့် ရွေးကောက်ပွဲရလဒ်ကို လေးစားလိုက်နာသွားမည်ဖြစ်ကြောင်း ထပ်လောင်းပြောကြားထားပြီးဖြစ် သည်။ ရွေးကောက်ပွဲရလဒ်များနှင့်အညီ နိုင်ငံရေးအခင်းအကျင်း အသစ် တွင် အားလုံးအတူလက်တွဲပုံဖော်သွားခြင်းဖြင့် နိုင်ငံ့အကျိုးစီးပွားကို ရှေးရှု ဆောင်ရွက်သွားကြရန်သာ လိုအပ်ပေသည်။

ယခုအောင်မြင်စွာကျင်းပခဲ့သည့် ရွေးကောက်ပွဲအခင်းအကျင်းမှ တစ်ဆင့် အနာဂတ်ရွေးကောက်ပွဲများတွင်လည်း ယခုထက်ပိုမိုကောင်းမွန် သည့် အခင်းအကျင်းများကို တည်ဆောက်သွားနိုင်မည်ဟု ယုံကြည်ပါသည်။ ယခုသမိုင်းဝင်ရွေးကောက်ပွဲကြီးကို ပြည်သူအားလုံးပါဝင်မှုဖြင့် စည်းကမ်းရှိရှိ လွတ်လပ်ခြင်း၊ မျှတခြင်း ဝိသေသထူးများဖြင့် အောင်မြင်စွာကျင်းပနိုင်ခဲ့ပြီ ဖြစ်သည်။

ရရှိခဲ့သောအောင်မြင်မှုကိုကိုင်စွဲပြီး ပြည်သူများမျှော်မှန်းထားသော ဒီမိုကရေစီနှင့် ဖက်ဒရယ်စနစ်ကို အခြေခံသည့် မြန်မာနိုင်ငံတော်သစ်ကို အားလုံးအတူတူဖြတ်သန်းရင်း ညီညီညွတ်ညွတ် ဆက်လက်တည်ဆောက် သွားကြရန် တိုက်တွန်းအပ်ပါသည်။ ။

## ပုဂံခေတ်လက်ရာများရှိသည့် တမုတ်ရွှေဂူကြီးဘုရားသို့ လာရောက်ဖူးမြော်သူများပြား

**ကျောက်ဆည် နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး ကျောက်ဆည်မြို့နယ် ကြောင်ပန်းကုန်းရွာနှင့် ငယ်တိုးကျေးရွာများအနီးရှိ တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသည် ပုဂံခေတ်ပန်းတော့ လက်ရာမွန်များနှင့် ရှေးဟောင်းသုံးထပ်ဆင်းတုတော်များ တည်ရှိနေသဖြင့် လာရောက်ဖူးမြော်လေ့လာသူများပြား ကြောင်း သိရသည်။


တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသို့ လာရောက် ဖူးမြော်လေ့လာသူများသည် စေတီတော်ကြီးတစ်ဆူလုံးတွင် ဆန်းကြယ်လှပ၍ အနုစိတ်လှသည့်ပုဂံခေတ်ပန်းတော့ လက်ရာမွန်များကိုကြည့်ရှုကာ ဂူဘုရားကြီး၏ အနောက် တောင်ထောင့်တွင် ဖူးမြော်တွေ့ရှိရသည့် သုံးထပ် ဆင်းတုတော်ကြီးကိုလည်း အထူးစိတ်ဝင်စားစွာကြည့် ရှုကြကြောင်း သိရသည်။

တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားကို ပုဂံပြည့်ရှင် အနော်ရထာမင်းစောက အထွဋ်တင်တစ်ထပ်ဂူဘုရားအဖြစ် စတင်တည်ထားခဲ့ပြီး ပျက်စီးယိုယွင်းလာသည့်မူလ အထွဋ်တင်ဂူဘုရားအား ပုဂံခေတ်နှောင်းပိုင်းတွင် မြစ်တော်နရပတိစည်သူမင်းက ကွန်းတောင်နှစ်ထပ်ဂူ ဘုရားအဖြစ် အမွန်းပြောက်၊ အနုစိတ်ပန်းတော့လက်ရာ များ မွန်းထုံကာ ပြန်လည်တည်ထားခဲ့ပြီး နောက်ဆုံး ပင်းယခေတ် သက္ကရာဇ် ၆၈၄ ခုနှစ် ဥဇနာမင်းကြီး လက်ထက်တွင် စေတီတော်၊ သိမ်တော်နှင့်ဆင်းတုတော် များကို ထပ်မံလွှမ်းငုံ၍ စေတီတော်သစ်အဖြစ် ထပ်မံ တည်ထားခဲ့ခြင်းဖြစ်သည်။

တမုတ်ရွှေဂူကြီးဘုရားအား တူးဖော်စဉ်က ဂူဘုရား ကြီး၏ အနောက်တောင်ထောင့်တွင် အလျား ၃၆ ပေ၊ အနံ ၁၂ ပေရှိသည့်အုတ်ရိုးအတွင်းမှ ကျောချင်းကပ် အုတ်ရိုးဆင်းတုတော်နှစ်ဆူ ပေါ်ထွန်းလာခဲ့ကြောင်း၊ ယင်းအဆောက်အအုံ၏ ကြမ်းပြင်သည် လက်ရှိမြေပြင် အောက်ငါးပေအနက်တွင်တည်ရှိနေကြောင်း၊ အောက်ခံ ကြမ်းပြင်နှင့် ဆင်းတုတော်များမှာလည်း သုံးဆင့်သုံးထပ် ရှိနေကြောင်းသိရသည်။ ထို့ကြောင့် သုံးထပ်ဆင့်ဆင်းတု တော်များမှာ တစ်မျိုးတစ်ဘာသာ အမြင်ထူးခြားနေသဖြင့် ဘုရားဖူးလာရောက်သူများ စိတ်ဝင်စားစွာ ဖူးမြော်လေ့လာ ကြကြောင်း သိရသည်။

တမုတ်ရှင်ပင်ရွှေဂူကြီးဘုရားသည် ပုဂံခေတ် အနုပညာလက်ရာမွန်များ၊ ပင်းယခေတ်လက်ရာမွန်များနှင့် ပျူခေတ်ယဉ်ကျေးမှု အဆောက်အအုံများတည်ရှိနေသဖြင့် SITE MUSEUM အဖြစ် ဖန်တီးထိန်းသိမ်းထားကြောင်း နှင့် ထူးခြားအံ့ဩဖွယ်ရာ ရှေးဟောင်းအနုလက်ရာများ တည်ရှိနေသဖြင့် သုတေသီများ၊ မြန်မာ့ရှေးဟောင်း ယဉ်ကျေးမှု အနုလက်ရာမွန်များကို စိတ်ဝင်စားသူများ နှင့်ဘုရားဖူးများအနေဖြင့် သွားရောက်လေ့လာဖူးမြော်သင့် သည့်နေရာတစ်ခုဖြစ်၍ အနယ်နယ်အရပ်ရပ်မှ ဖူးမြော် လေ့လာသူများနှင့် ရုံးပိတ်ရက်၊ ကျောင်းပိတ်ရက်များ၊ အခါကြီးရက်ကြီးများတွင် ဘုရားဖူးဧည့်သည်များဖြင့် ပိုမိုစည်ကားလျက်ရှိကြောင်း သိရသည်။ **(စိုင်းလူမင်း)**






## သွေးလွန်တုပ်ကွေးနှင့်ငှက်ဖျားရောဂါကာကွယ်ရေးလုပ်ငန်းများဆောင်ရွက်

**မန္တလေး နိုဝင်ဘာ ၈**



မန္တလေးမြို့တော် စည်ပင်သာယာရေးကော်မတီနှင့် တိုင်းဒေသကြီး ပြည်သူ့ကျန်းမာရေးဦးစီးဌာနတို့ ပူးပေါင်း၍ သွေးလွန်တုပ်ကွေး နှင့်ငှက်ဖျားရောဂါ ပပျောက်စေရေး အတွက် ဖုံး၊ သွန်၊ လဲ၊ စစ် လုပ်ငန်းများ ဆောင်ရွက်ခြင်းကို နိုဝင်ဘာ ၇ ရက် နံနက် ၈နာရီက မန္တလေးမြို့ ချမ်းမြသာစည်မြို့နယ် အောင်ပင်လယ် ရပ်ကွက် (ဆဆ-၇)အတွင်းရှိ အောင်ဇေယျာလမ်းနှင့် အောင်ဆန်းလမ်းကြား သဇင်လမ်းနှင့် သရဖီလမ်း တို့တွင် ပြုလုပ်ခဲ့သည်။

ရပ်ကွက်အတွင်း မြို့တော် စည်ပင်သန့်ရှင်းရေးဌာန လုပ်သားများက ရေနုတ်မြောင်း ရေစီးရေလာ ကောင်းမွန်စေရေးအတွက် အမှိုက်သရိုက်များ ဆယ်ယူ ရှင်းလင်းနေမှု၊ ကျန်းမာရေး သူနာပြုဆရာမများနှင့် လူမှုရေး အသင်းအဖွဲ့ဝင်များက ခြင်းထောင်ဆေးစိမ်နည်း လက်တွေ့ သရုပ်ပြနေမှု၊ နေအိမ်များရှိ အုတ်ကန်၊ ရေကန်များအတွင်း ပိုးလောက်လမ်းစားငါးများ လွှတ်ပေးခြင်းနှင့် Albate ဆေးခတ်ခြင်း၊ ရပ်ကွက်နေပြည်သူများကိုကျန်းမာရေးပညာပေးဗဟုသုတစာစောင်များ ဝေငှခြင်း၊ မြို့တော်စည်ပင် ကျန်းမာရေးဌာနခွဲနှင့် ငှက်ဖျားတိုက်ဖျက်ရေးဌာနဝန်ထမ်းများက ခြင်းများမခိုအောင်းစေရန် ခြင်ဆေးမှုတ်စက်ဖြင့် ခြင်ဆေးမှုတ်ခြင်းစသည့် ဆောင်ရွက်နေမှုများကို တိုင်းဒေသကြီး စည်ပင်သာယာရေးဝန်ကြီး မြို့တော်ဝန်ဦးအောင်မောင်း ကြည့်ရှုစစ်ဆေးခဲ့ကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

❐

ကြေးမုံ
နေ့စဉ်သတင်းစာ
စာတည်းမှူးချုပ် - ဦးခင်မောင်ကျော်ဝင်
စာတည်းများ - ဦးလှစိန်၊ ဦးဝင်းနိုင်၊ ဦးစိုးစိုးနိုင်၊ ဦးစန်းအောင်
သတင်းထောက်မှူး - ဦးဌေးအောင်
ဘာသာပြန်စာတည်းများ - ဦးအောင်ထိန်၊ ဦးဇော်ဝင်း၊ အေဝမ်းစိုး၊ အောင်ကျော်ကျော်
အနုပညာစာတည်း - ခင်ခင်သက်
အားကစားစာတည်း - မေလှိုင်သင်း
ဆောင်းပါးစာတည်း - စန္ဒာဝင်း
အကြီးတန်းသတင်းထောက်များ - ဟိန်းထက်လင်း၊ နိုင်လင်းကြည်၊ ဖြိုးစန္ဒာမြင့်၊ သီသီမင်း
အငယ်တန်းသတင်းထောက်များ - အောင်ကျော်ဦး၊ ခင်ဇာလီ၊ ရမသကြိန်၊ ခအားအေးမြင့်၊ ခင်စုစုလှိုင်
ဓာတ်ပုံသတင်းထောက် - ခင်မောင်ဝင်း၊ ဇေယျာဝင်း(မိုးခွား)
အထူးသတင်းထောက် - ဆုနှင်းလှဲ၊ သီရိ

## ပြည်တွင်းရေးရာ




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆန္ဒမဲပေးရန် မဲလက်မှတ်ထုတ်ယူနေစဉ်။**
(သတင်းစဉ်)

☆ **ရှေ့ဖုံးမှ**

ထိုသို့ဆန္ဒမဲပေးကြရာ နေပြည်တော်ကောင်စီနယ်မြေအတွင်းရှိ ဇမ္ဗူသီရိမြို့နယ်၌ ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများသည် ဖွင့်လှစ်ထားသည့် မဲရုံအသီးသီး၌ လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

ပြည်ထောင်စုသမ္မတ မြန်မာနိုင်ငံတော် နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့သည် နံနက် ၁၁ နာရီ ၁၅ မိနစ်တွင် ဇမ္ဗူသီရိမြို့နယ်ရှိ နေပြည်တော်အမှတ်(၅) အခြေခံပညာအထက်တန်းကျောင်း၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၁)သို့ လာရောက်ဆန္ဒမဲပေးကြသည်။

ထိုသို့ မဲရုံများတွင် ဆန္ဒမဲပေးနေမှုများကို မြန်မာနိုင်ငံဆိုင်ရာ နိုင်ငံခြားသံရုံးများမှ တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေး အဖွဲ့များ၊ အာဆီယံနိုင်ငံများမှ ကိုယ်စားလှယ်များနှင့် ပြည်တွင်းပြည်ပမှ သတင်းမီဒီယာသမားများ လာရောက်ကြည့်ရှုလေ့လာ သတင်းရယူကြသည်။

ဇမ္ဗူသီရိမြို့နယ်တွင် မဲရုံပေါင်း ၃၃ ရုံ ဖွင့်လှစ်ထားရှိပြီး ဆန္ဒမဲပေးခွင့်ရှိသူ ၅၉၆၃၅ ဦးရှိရာ မဲဆန္ဒပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများသည် မဲရုံစတင်ဖွင့်လှစ်သည့် နံနက် ၆ နာရီ မတိုင်မီကပင် သက်ဆိုင်ရာမဲရုံအသီးသီးသို့ စုဝေးရောက်ရှိလာကြပြီး မဲရုံဖွင့်လှစ်ချိန်မှစ၍ မိမိတို့နှစ်သက်ရာ လွှတ်တော်ကိုယ်စားလှယ်လောင်း များအား ဆန္ဒမဲပေးရွေးချယ်ကြသည်။

ထိုသို့ ဆန္ဒမဲပေးကြရာတွင် ဒုတိယသမ္မတ ဒေါက်တာစိုင်းမောက်ခမ်းနှင့် ဇနီး ဒေါ်နန်းရွှေမူန်တို့သည်လည်း ယနေ့နံနက် ၇ နာရီတွင် လားရှိုးခရိုင် လားရှိုးမြို့နယ်ရပ်ကွက်(၇)၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၃)သို့ လာရောက်ဆန္ဒမဲပေးကြသည်။

အလားတူ ဒုတိယသမ္မတ ဦးညဏ်ထွန်းနှင့် ဇနီးတို့သည်လည်း အောက်တိုဘာ ၂၉ရက် မွန်းလွဲ ၂ နာရီတွင် ဇမ္ဗူသီရိမြို့နယ်ဇေယျာသိဒ္ဓိရပ်ကွက် ရွေးကောက်ပွဲကော်မရှင်ရုံး၌ ကြိုတင်ဆန္ဒမဲပေးပြီးဖြစ်ကြောင်းသိရသည်။

ထို့အတူ ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်းနှင့်ဇနီးတို့သည် ဖြူးမြို့နယ် ကည္ဖတ်ကွင်း ကွင်းနောက်(၁)ရပ်ကွက် မဲရုံအမှတ်(၂)တွင်လည်းကောင်း၊ အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့်သည် ပျော်ဘွယ်မြို့နယ် ပြည်တော်သာရပ်ကွက် မဲရုံအမှတ်(၂)တွင်လည်းကောင်း ဆန္ဒမဲပေးကြသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးသူများ စနစ်တကျလွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် မြို့နယ်ရွေးကောက်ပွဲ ကော်မရှင်အဖွဲ့ခွဲမှ တာဝန်ရှိသူများ၊ မဲရုံမှူးများနှင့် အဖွဲ့ဝင်များက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ညနေ ၄နာရီတွင် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို ဖွင့်ဖောက်၍ ခိုင်လုံမဲနှင့် ပယ်မဲတို့ကို စနစ်တကျ ရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာ မှတ်တမ်းစာအုပ်များ၌ မှတ်တမ်းရေးသွင်းကြသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေ ရွေးကောက်ပွဲကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ သန့်ရှင်းလွတ်လပ်ပြီး တရားမျှတစွာ ကျင်းပရာတွင် မဲဆန္ဒရှင်များ လွတ်လပ်လွယ်ကူစွာ လျှို့ဝှက်ဆန္ဒပြုနိုင်ရန် မဲရုံများ၌ ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများအား မဲရုံများအတွင်းသို့ စည်းကမ်းတကျ ဝင်ရောက်မဲပေးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့မြင်ရသည်။

**(သတင်းစဉ်)**

# ကမ္ဘောဒီးယားနိုင်ငံ လွတ်လပ်ရေးနေ့ ဝမ်းမြောက်ကြောင်း သဝဏ်လွှာပေးပို့

**နေပြည်တော် နိုဝင်ဘာ ၉**

၂၀၁၅ ခုနှစ် နိုဝင်ဘာ ၉ ရက်တွင် ကျရောက်သော ကမ္ဘောဒီးယားနိုင်ငံ၏ (၆၂)နှစ်မြောက်လွတ်လပ်ရေးနေ့အခါသမယတွင် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် နိုင်ငံခြားရေးဝန်ကြီးဌာန ပြည်ထောင်စုဝန်ကြီး ဦးဝဏ္ဏမောင်လွင်ထံမှ ကမ္ဘောဒီးယားနိုင်ငံ ဒုတိယဝန်ကြီးချုပ် နိုင်ငံခြားရေးနှင့်အပြည်ပြည်ဆိုင်ရာပူးပေါင်းဆောင်ရွက်ရေးဝန်ကြီးဌာန ဝန်ကြီး မစ္စတာဟော်နမ်ဟောင် ထံသို့ ဝမ်းမြောက်ကြောင်းသဝဏ်လွှာပေးပို့သည်။ **(သတင်းစဉ်)**




**နိုင်ငံတော်သမ္မတ ဦးသိန်းစိန် ဆန္ဒမဲလက်မှတ်ကို မဲပုံးအတွင်း ထည့်သွင်းနေစဉ်။**
(သတင်းစဉ်)



**နိုင်ငံတော်သမ္မတ ဦးသိန်းစိန်နှင့်ဇနီး ဒေါ်ခင်ခင်ဝင်းတို့ ဆန္ဒမဲပေးရန် ပြည်သူများနှင့်အတူ တန်းစီစောင့်ဆိုင်းနေစဉ်။**
(သတင်းစဉ်)

# ယူနီဆက်၏ ချစ်ကြည်ရေးသံအမတ်ကြီး ဒေးဗစ်ဘက်ခမ်း နီပေါနိုင်ငံ မြို့တော် ခတ္တမန္ဒူသို့ ရောက်ရှိ



**ခတ္တမန္ဒူ နိုဝင်ဘာ ၈**

ဗြိတိန်နိုင်ငံ၏ ဘောလုံးဝိဇ္ဇာ ဒေးဗစ်ဘက်ခမ်းသည် ၎င်း၏ချစ်ကြည်ရေး ကမ္ဘာလှည့်ခရီးစဉ်အတွင်း နီပေါနိုင်ငံသို့ ရောက်ရှိလာပြီး မြို့တော်ခတ္တမန္ဒူ၌ ပရဟိတရန်ပုံငွေရှာဖွေရေးဘောလုံးပွဲတွင် ပါဝင်ကစားခဲ့ကြောင်း ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကုလသမဂ္ဂ ယူနက်စကိုအဖွဲ့၏ ကမ္ဘာ့အမွေအနှစ်စာရင်းဝင် သမိုင်းဝင် အဆောက်အအုံများတည်ရှိသော နီပေါနိုင်ငံသို့ ရောက်ရှိလာသော ဒေးဗစ်ဘက်ခမ်းကို လူငယ်များနှင့် ဘောလုံးဝါသနာအိုးများက သောင်းသောင်းဖြဖြ ဆီးကြိုနှုတ်ဆက်ခဲ့ကြသည်။

ဘက်ခမ်းသည် မြို့တော် ခတ္တမန္ဒူသို့ နိုဝင်ဘာ ၆ ရက်က ဆိုက်ရောက်လာခဲ့သည်။ နံနက်အစောပိုင်းမှစ၍ နီပေါလူငယ်များနှင့် ဘောလုံးဝါသနာအိုးများက ဘက်ခမ်းဘောလုံးကစားမည့် ကျောင်းဘောလုံးကွင်း တစ်ကွင်းရှိရာသို့ စုဝေးရောက်ရှိလာခဲ့ကြသည်။

လူငယ်အချို့သည် နိုင်ငံတော်အလံကို သယ်ဆောင်လာခဲ့ပြီး လူငယ်အများအပြားမှာ မန်ချက်စတာယူနိုက်တက်အသင်း၏သင်္ကေတ အနီရောင်ဂျာစီအင်္ကျီကို ဝတ်ဆင်ထားကြသည်။

ဘက်ခမ်းသည် ပါဒမာအထက်တန်းကျောင်းမှ ကျောင်းသားများနှင့်အတူ မိနစ်အနည်းငယ်အကြာမျှ ဘောလုံးကစားခဲ့သည်။

ဒေးဗစ်ဘက်ခမ်းသည် ကုလသမဂ္ဂ ကလေးများရန်ပုံငွေအဖွဲ့ (ယူနီဆက်)၏ ချစ်ကြည်ရေးသံအမတ်ကြီးတစ်ဦးဖြစ်ပြီး ကမ္ဘာ့တိုက်ကြီး ခုနစ်တိုက်သို့ ချစ်ကြည်ရေးခရီးလှည့်လည်ကာ ကမ္ဘာ့ကလေးများအရေးနှင့် ပတ်သက်၍ အများပြည်သူတို့ သတိမူလာစေရန် အသိပညာပေးရေး အစီအစဉ်တွင် ဆောင်ရွက်လျက်ရှိသည်။

ဘက်ခမ်းသည် နီပေါနိုင်ငံသို့ မရောက်လာမီ ပါပူဝါနယူးဂီနီနိုင်ငံသို့ ရောက်ရှိလာခဲ့ပြီး ပရဟိတရန်ပုံငွေရှာဖွေရေးဘောလုံးပွဲတွင် ပါဝင်ကစားခဲ့သည်။

**ဆင်ဟွာ။**

## ကမ္ဘောဒီးယား၌ ကင်းလှည့်နေသော သစ်တောဝန်ထမ်းများ သေနတ်ပစ်ခတ်ခံရမှုကြောင့် နှစ်ဦးသေဆုံး

**ဖနွမ်းပင် နိုဝင်ဘာ ၈**

ကမ္ဘောဒီးယားနိုင်ငံ အနောက်မြောက်ပိုင်း ပရဝိဟာပြည်နယ်၌ သစ်တောဆိုင်ရာ ပြစ်မှုကျူးလွန်သူများကို ဖော်ထုတ်နိုင်ရန် သစ်တောဌာနမှ လုံခြုံရေးဝန်ထမ်းများ ကင်းလှည့်စဉ် သေနတ်ပစ်ခတ်ခံရမှုကြောင့် တောအုပ်ကြီးနှစ်ဦး သေဆုံးရကြောင်း ဒေသဆိုင်ရာသတင်းဌာနများက နိုဝင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

ကမ္ဘောဒီးယားနိုင်ငံ ခရွမ်ကဆန်ခရိုင်ရှိ သစ်တောတစ်ခုအတွင်း သစ်တောဌာနမှ ဝန်ထမ်းလေးဦးပါအဖွဲ့ ကင်းလှည့်ရာတွင် သစ်ခိုးနေသူများနှင့် ပက်ပင်းရင်ဆိုင်တွေ့ခဲ့ကြောင်း၊ ၎င်းတို့က သစ်ခုတ်လှဲရာတွင် အသုံးပြုသော လွှစက် ၁၁ ခုနှင့် လုပ်သေနတ်တစ်လက်တို့ကို သိမ်းဆည်းရာမှ မည်သူမည်ဝါမှန်း မသိရသူလူတစ်စုက သစ်တောဝန်ထမ်းများကို သေနတ်ဖြင့် ပစ်ခတ်ခဲ့ကြောင်း ပရဝိဟာပြည်နယ် ရဲတပ်ဖွဲ့က ပြောကြားသည်။

နိုဝင်ဘာ ၇ ရက် ဒေသစံတော်ချိန် ည ၁ နာရီတွင် ယင်းဖြစ်ရပ်ဖြစ်ပွားခဲ့သည်။ မည်သူမည်ဝါမှန်း မသိရသူများက အေကေ-၄၇ ရိုင်ဖယ်သေနတ်တစ်လက်ကို အသုံးပြု၍ အချက်ပေါင်းများစွာ ပစ်ခတ်ခဲ့ကြောင်း၊ တောရိုင်းတိရစ္ဆာန်နှင့် တောရိုင်းအပင် ထိန်းသိမ်းစောင့်ရှောက်ရေး ကင်းလှည့်အဖွဲ့မှ တောအုပ်ကြီးနှစ်ဦး သေဆုံးရပြီး တစ်ဦးဒဏ်ရာရရှိကာ ကျန်တစ်ဦးမှာ ဘေးမသီရန်မခ ထွက်ပြေးလွတ်မြောက်သွားကြောင်း ရဲတပ်ဖွဲ့က ပြောကြားသည်။

**ဆင်ဟွာ။**

## ပါကစ္စတန်နိုင်ငံသားများအား အကြမ်းဖက်သမားများအဖြစ်စွပ်စွဲကာ ဥရောနေပြန်ပို့မှုကို လက်ခံမည်မဟုတ်ဟုဆို

**အစ္စလာမ္မာဘတ် နိုဝင်ဘာ ၈**

ဥရောပသမဂ္ဂ(အီးယူ) နိုင်ငံများ၌ ဗီဇာသက်တမ်းကျော်လွန်အောင် နေထိုင်သော ပါကစ္စတန်နိုင်ငံသားများအား အကြမ်းဖက်သမားများအဖြစ် စွပ်စွဲကာ မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခြင်းကို မိမိတို့ လက်ခံမည်မဟုတ်ကြောင်း ပါကစ္စတန်ပြည်ထဲရေးဝန်ကြီး ချောင်ဒီရနီဆာအလီ၏ ပြောကြားချက်ကို ကိုးကား၍ ဒေသဆိုင်ရာ သတင်းဌာနများက နိုဝင်ဘာ ၈ ရက်တွင် သတင်းထုတ်ပြန်သည်။

မိခင်နိုင်ငံသို့ ပြန်လည်ပို့ဆောင်ခံရသူ ပါကစ္စတန်နိုင်ငံသားများနှင့် ပတ်သက်၍ ၎င်းတို့အပေါ် မည်ကဲ့သို့ စွဲချက်တင်ထားပြီး ယင်းစွဲချက်နှင့် ပတ်သက်၍ မည်သည့် အနေအထားများရှိသည်ကို မိမိတို့ အသေးစိတ်မသိရှိရလျှင် မည်သည့်လေယာဉ်ကိုမျှ ပြည်နှင်ခံရသူများအား သယ်ဆောင်မှုကို ခွင့်ပြုပေးနိုင်မည်မဟုတ်ကြောင်း ပါကစ္စတန် ပြည်ထဲရေးဝန်ကြီးက သတင်းထောက်များအား ပြောကြားသည်။

ဥရောပသမဂ္ဂနှင့် ရရှိခဲ့သော ပြည်နှင်ခံရသူများအား လက်ခံရေး သဘောတူညီချက်ကို ကာလအကန့်အသတ်မရှိ ဆိုင်းငံ့လိုက်ပြီဖြစ်ကြောင်း၊ အင်အားကြီး ဥရောပနိုင်ငံနှစ်နိုင်ငံက အခြေအမြစ်မရှိသော စွပ်စွဲချက်များဖြင့် ပါကစ္စတန်နိုင်ငံသားများကို နေရင်းနိုင်ငံသို့ ပို့ဆောင်ခဲ့ကြောင်း ပြည်ထဲရေးဝန်ကြီးက ပြောကြားသည်။ သို့ရာတွင် အဆိုပါ နှစ်နိုင်ငံမှာ မည်သည့်နိုင်ငံများဖြစ်သည်ကို အမည်နာမထုတ်ဖော်၍ ပြောကြားခြင်း မရှိပေ။



ပါကစ္စတန်နှင့် ဥရောပသမဂ္ဂတို့သည် ၂၀၁၀ ပြည့်နှစ်တွင် သဘောတူညီချက်တစ်ရပ် ရရှိခဲ့သည်။ ယင်းသဘောတူညီချက်အရ မိမိတို့၏ သက်ဆိုင်ရာနိုင်ငံများ၌ တရားမဝင်နေထိုင်သူများကို ၎င်းတို့၏ နေရင်းနိုင်ငံများသို့ ပြန်လည်ပို့ဆောင်နိုင်သည်။ သို့ရာတွင် ပါကစ္စတန်နိုင်ငံက ယခုအခါ ပြည်နှင်ခံရသူများအား ပြန်လည်လက်ခံရေး အစီအစဉ်ကို ဆိုင်းငံ့ထားလိုက်ပြီ ဖြစ်သည်။

**ကျိုဒို။**

## ဆီရာလီယွန်နိုင်ငံတွင် အီဘိုလာပိုင်းရပ်စ် ကင်းစင်ပြီဟု ကမ္ဘာ့ကျန်းမာရေးအဖွဲ့ပြော




**ဆီရာလီယွန် နိုဝင်ဘာ ၈**

ဆီရာလီယွန်နိုင်ငံအား အီဘိုလာပိုင်းရပ်စ်ကူးစက်ပျံ့နှံ့သောနိုင်ငံအဖြစ်မှ ကင်းလွတ်သော နိုင်ငံအဖြစ်ရောက်ရှိသွားပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့မှ နိုဝင်ဘာ ၇ ရက်က ကြေညာလိုက်ပြီဖြစ်သည်။

ဆီရာလီယွန်နိုင်ငံအတွင်း လွန်ခဲ့သော စက်တင်ဘာလမှစပြီး အီဘိုလာဗိုင်းရပ်စ်ကူးစက်မှုမရှိတော့ပြီဖြစ်ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့ဝန်ထမ်းများက နိုဝင်ဘာ ၇ ရက်တွင် အတည်ပြုပြောကြားခဲ့သည်။

လူ့အသက်ပေါင်းများစွာဆုံးရှုံးစေသည့် အီဘိုလာဗိုင်းရပ်စ်ကူးစက်ပျံ့နှံ့မှုသည် လွန်ခဲ့သည့်နှစ် မတ်လမှစတင်ပြီး ဆီရာလီယွန်၊ လိုက်ဘေးရီးယားနှင့် ဂီနီနိုင်ငံများတွင် စတင်ဖြစ်ပွားခဲ့သည်။ ယင်းနိုင်ငံများတွင် လူပေါင်း ၂၈၀၀၀ ကျော်ကူးစက်ခြင်းခံခဲ့ရပြီး ၎င်းတို့အနက် ၁၁၀၀၀ ကျော်သေဆုံးခဲ့ကြောင်း ကမ္ဘာ့ကျန်းမာရေးအဖွဲ့က ထုတ်ပြန်ကြေညာခဲ့သည်။

ဆီရာလီယွန်နိုင်ငံအတွင်း ဗိုင်းရပ်စ်ကူးစက်မှုသည် ၁၄၀၀၀ ကျော်ခန့်ရှိသည့်အနက် ၃၉၀၀ ကျော်သေဆုံးခဲ့ကြောင်းသိရသည်။ သို့သော် ရောဂါကာကွယ်ရေးဆောင်ရွက်ချက်များ နိုင်ငံအတွင်း လုပ်ဆောင်ခဲ့သည့်အတွက် ယခုနှစ် ဇန်နဝါရီလတွင် ဗိုင်းရပ်စ်ကူးစက်မှုနှုန်း သိသိသာသာ လျော့ကျသွားခဲ့သည်ကို တွေ့ရသည်။

အီဘိုလာဗိုင်းရပ်စ်ကူးစက်ပျံ့ပွားမှုကြောင့် နိုင်ငံအတွင်း ယိုင်နဲ့လျော့ကျသွားသော စီးပွားရေးစနစ်နှင့် ကျန်းမာရေးစနစ်များကို ပြန်လည်ထူထောင်ရေးလုပ်ငန်းများ လုပ်ဆောင်ရန်လိုအပ်မည်ဖြစ်သည်။

**အန်နင်အိတ်ချ်ကော။**

◆



## နေပြည်တော်ရှိ မဲရုံများ၌ မဲပေးနေမှုများအား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌဦးတင်အေး လိုက်လံကြည့်ရှုစစ်ဆေး

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ကော်မရှင်အဖွဲ့ခွဲများမှ တာဝန်ရှိသူများနှင့်အတူ ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာအုပ်စုရှိ မဲရုံအမှတ်(၂)သို့ ယနေ့နံနက် ၉နာရီခွဲတွင် ရောက်ရှိပြီး ပြည်ထောင်စုနယ်မြေ၊ ပြည်သူ့လွှတ်တော်မဲဆန္ဒနယ်နှင့် အမျိုးသားလွှတ်တော်မဲဆန္ဒနယ်အတွက် ဆန္ဒမဲပေးပြီးနောက် မဲဆန္ဒရှင်များ၏ လက်ချောင်းတွင် မင်တို့ထားမှုကို ကြည့်ရှုစစ်ဆေးသည်။

ယင်းနောက် ပုဗ္ဗသီရိမြို့နယ် အောင်သုခကျေးရွာအုပ်စုရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၂)၊ ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက်ရှိ မဲရုံအမှတ်(၁)နှင့် အမှတ်(၅)၊ စိမ်းစားပင်ကျေးရွာအုပ်စုရှိ မဲရုံအမှတ်(၄)နှင့် ပုဗ္ဗသီရိမြို့နယ် ဘုရင့်နောင်ရပ်ကွက်ရှိ မဲရုံအမှတ် (၁)တို့အား လိုက်လံကြည့်ရှုစစ်ဆေးသည်။

ထိုသို့ ကြည့်ရှုစစ်ဆေးရာတွင် မဲပေးရန်အတွက် မဲဆန္ဒရှင်ပြည်သူများ စနစ်တကျ တန်းစီနေမှု၊ မဲရုံအဝင်၌ လက်ချောင်းများအား မင်တို့ထားခြင်း ရှိ၊ မရှိ စစ်ဆေးမှု၊ မဲစာရင်းနှင့် မဲဆန္ဒရှင်သက်သေခံလက်မှတ် တိုက်ဆိုင်စစ်ဆေးမှု၊ မဲလက်မှတ်ထုတ်ပေးနေမှု၊ လွှတ်တော်အသီးသီးအတွက် ပြည်သူများ ဆန္ဒမဲပေးနေမှု၊ မဲဆန္ဒရှင်များ၏ လက်ချောင်းတွင် မင်တို့နေမှု၊ ကြိုတင်မဲလက်မှတ်ထည့်ထားသည့်မဲပုံးနှင့် ကြိုတင်မဲစာရင်းကပ်ထားမှုတို့ကို ကြည့်ရှုစစ်ဆေးပြီး မဲရုံအတွင်းရှိ ပြည်တွင်း/ပြည်ပ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များ၊ မဲရုံကိုယ်စားလှယ်များနှင့် မဲရုံပရဝဏ်အတွင်း မဲပေးရန် စောင့်ဆိုင်းနေကြသော ပြည်သူများအား ရင်းရင်းနှီးနှီး နှုတ်ဆက်ခဲ့ကြောင်း သတင်းရရှိသည်။

**(သတင်းစဉ်)**

## ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က မီဒီယာစင်တာနှစ်ခု ဖွင့်လှစ်ပြီး ရွေးကောက်ပွဲရလဒ်များကို ပွင့်လင်းမြင်သာစွာ ထုတ်ပြန်ပေးသွားမည်

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲရလဒ်များ ကြေညာရာတွင် ပြည်သူအများသိရှိမြင်သာစေရန်အတွက် မီဒီယာစင်တာနှစ်ခုကို ဖွင့်လှစ်သွားမည်ဖြစ်ပြီး နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရွေးကောက်ပွဲကော်မရှင်သတင်းအချက်အလက်ဌာနတို့တွင် ထားရှိသွားမည်ဖြစ်ကြောင်း အဆိုပါကော်မရှင်၏ ထုတ်ပြန်ချက်အရ သိရှိရသည်။

ယင်းထုတ်ပြန်ချက်တွင် ရွေးကောက်ပွဲကော်မရှင်၏ ခွင့်ပြုချက်ကတ်ပြားများ ရရှိထားသော သတင်းမီဒီယာများနှင့် စောင့်ကြည့်လေ့လာသူများအနေဖြင့် နေပြည်တော် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးရှိ မီဒီယာစင်တာသို့ ဝင်ရောက်ခွင့်ရှိမည်ဖြစ်ပြီး ခွင့်ပြုချက်ကတ်ပြားမရရှိထားသော်လည်း ကော်မရှင်နှင့်အတူ တွဲဖက်အလုပ်လုပ်ကိုင်လျက်ရှိကြသည့် အရပ်ဘက်လူ့အဖွဲ့အစည်းမှ ပုဂ္ဂိုလ်များ၊ နိုင်ငံရေးပါတီများမှ တာဝန်ရှိသူများလည်း ဝင်ရောက်လိုက စိစစ်ခွင့်ပြုသွားမည်ဖြစ်ကြောင်း ပါရှိသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲရလဒ်များကို LED Screen ဖြင့် ပြသပေးသွားမည်ဖြစ်ပြီး မီဒီယာများအနေဖြင့် မိမိတို့၏ ကိုယ်စားလှယ်သတင်းသမားများမှတစ်ဆင့် သတင်းရယူနိုင်မည်ဖြစ်သည်။

ရန်ကုန်မြို့ ရွေးကောက်ပွဲသတင်းအချက်အလက်ဌာန မီဒီယာစင်တာကို နိုဝင်ဘာ ၈ ရက်မှ ၁၂ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးတွင် နိုဝင်ဘာ ၈ ရက်မှ ၁၅ ရက်အထိ ဖွင့်လှစ်သွားမည်ဖြစ်ပြီး နိုဝင်ဘာ ၈ရက်တွင် နံနက် ၈ နာရီမှ ည ၈ နာရီအထိလည်းကောင်း၊ နိုဝင်ဘာ ၉ ရက်မှ ၁၂ ရက်အထိ နံနက် ၈ နာရီမှ နောက်တစ်ရက် နံနက် ၂ နာရီအထိလည်းကောင်း၊ နိုဝင်ဘာ ၁၃ ရက်မှ ၁၅ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအထိလည်းကောင်း ဖွင့်လှစ်သွားမည်ဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်အနေဖြင့် နေပြည်တော်ရှိ မီဒီယာစင်တာတွင် နိုဝင်ဘာ ၉ ရက်မှ ၁၅ ရက်အထိ နေ့စဉ် ညနေ ၄ နာရီတွင် သတင်းစာရှင်းလင်းပွဲများ ပြုလုပ်သွားမည်ဖြစ်ပြီး ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရွေးကောက်ပွဲကော်မရှင်သတင်းအချက်အလက်ဌာနတွင်လည်း အဆိုပါသတင်းစာရှင်းလင်းပွဲများကို တိုက်ရိုက်ထုတ်လွှင့်ပြသသွားမည်ဖြစ်ကြောင်း သိရသည်။

နေပြည်တော်မီဒီယာစင်တာတွင် LED Screen ကြီးများဖြင့် ရွေးကောက်ပွဲရလဒ်များကို မြေပုံများ၊ ရုပ်ပုံကားချပ်များ၊ ကိန်းဂဏန်းများဖြင့် ချိတ်ဆက်ပြသသွားမည်ဖြစ်ပြီး စကားပြန်အစီအစဉ်ကိုလည်း စီစဉ်ထားရှိမည်ဖြစ်ကြောင်း၊ ထို့အပြင်ရွေးကောက်ပွဲဆိုင်ရာ သတင်းအချက်အလက်စာရွက်စာတမ်းများနှင့် အကြံပြုချက်များကိုလည်း နေပြည်တော်၊ ရန်ကုန် နှစ်နေရာစလုံးတွင် ရယူနိုင်ကြောင်း သိရသည်။

**(သတင်းစဉ်)**

## နေပြည်တော် ဥတ္တရသီရိခရိုင်တွင် ပြည်သူများက ဆန္ဒမဲများ ထည့်သွင်းဆန္ဒပြု

**နေပြည်တော် နိုဝင်ဘာ ၈**

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့နံနက် ၆ နာရီမှ စတင်၍ နေပြည်တော်အပါအဝင် တိုင်းဒေသကြီးနှင့် ပြည်နယ်အသီးသီး၌ ကျင်းပရာ မဲဆန္ဒရှင်ပြည်သူများက အေးချမ်းစွာ ဆန္ဒမဲပေးခဲ့ကြသည်။

ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် တစ်နိုင်ငံလုံးရှိ မဲပေးခွင့်ရှိသူပြည်သူများ တစ်ပြိုင်တည်းဆန္ဒမဲပေးကြသည်ဖြစ်ရာ နေပြည်တော်ကောင်စီနယ်မြေ ဥတ္တရသီရိခရိုင်၌ နံနက် ၆ နာရီမှ ညနေ ၄ နာရီအထိ မဲဆန္ဒရှင်ပြည်သူများက မဲရုံအသီးသီးသို့ လာရောက်၍ လွတ်လပ်စွာ ဆန္ဒမဲပေးကြသည်။

ဥတ္တရသီရိခရိုင်အတွင်းရှိ မဲရုံများ၌ ဆန္ဒမဲပေးနေမှုများကို မြန်မာနိုင်ငံဆိုင်ရာ အိန္ဒိယနိုင်ငံသံရုံးမှ ဒုတိယအတွင်းဝန် မစ္စတာခမ်တီရာမန်နှင့် တာဝန်ရှိသူများ၊ ပြည်တွင်းပြည်ပမှ ရွေးကောက်ပွဲလေ့လာစောင့်ကြည့်သူများနှင့် သတင်းမီဒီယာသမားများ လာရောက်ကြည့်ရှုလေ့လာသတင်းရယူကြသည်။

နံနက် ၉ နာရီ ၄၅ မိနစ်တွင် ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးတင်အေးသည် ဥတ္တရသီရိခရိုင် ပုဗ္ဗသီရိမြို့နယ် ညောင်ပင်ကြီးစုကျေးရွာရှိ အခြေခံပညာမူလတန်းလွန်ကျောင်း မဲရုံအမှတ်(၂)သို့ လာရောက်၍ ဆန္ဒမဲပေးသည်။

ထို့နောက် ရွေးကောက်ပွဲကော်မရှင် ဥက္ကဋ္ဌသည် မဲဆန္ဒရှင်ပြည်သူများ မဲရုံသို့ လာရောက်၍ ဆန္ဒမဲပေးနေမှု အခြေအနေများကို ကြည့်ရှုအားပေးသည်။

ဥတ္တရသီရိခရိုင်အတွင်းရှိ တပ်ကုန်းမြို့နယ်၊ ဇေယျာသီရိမြို့နယ်၊ ပုဗ္ဗသီရိမြို့နယ်နှင့် ဥတ္တရသီရိမြို့နယ်များတွင် မဲရုံပေါင်း ၃၄၀ ဖွင့်လှစ်ထားရှိပြီး မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၃၅၁၈၁၆ ဦးက နှစ်သက်ရာလွှတ်တော်ကိုယ်စားလှယ်လောင်းများအား ဆန္ဒမဲပေး ရွေးချယ်ကြသည်။

အဆိုပါမဲရုံများသို့ ပြည်ထောင်စုဝန်ကြီးများ၊ ဒုတိယဝန်ကြီးများ၊ ဌာနဆိုင်ရာ အကြီးအကဲများနှင့် ဒေသခံပြည်သူများက ဒီမိုကရေစီစံနှုန်းနှင့် ကိုက်ညီစွာ စည်းစနစ်တကျ စည်းကမ်းရှိစွာဖြင့် သတ်မှတ်ချိန်အတွင်း လာရောက်ပြီး ဆန္ဒပြု မဲပေးကြသည်။

မဲရုံများတွင် ဆန္ဒမဲလာရောက်ပေးကြသူများ စနစ်တကျ လွတ်လပ်စွာ ဆန္ဒမဲပေးနိုင်ရန်အတွက် ခရိုင်နှင့်မြို့နယ်ရွေးကောက်ပွဲကော်မရှင် အဖွဲ့ဝင်များ၊ မဲရုံမှူးများနှင့် တာဝန်ရှိသူများက လိုအပ်သည်များကို ကူညီဆောင်ရွက်ပေးကြသည်။

ညနေ ၄ နာရီတွင် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို သက်ဆိုင်ရာကိုယ်စားလှယ်များရှေ့မှောက်တွင် ဖွင့်ဖောက်စစ်ဆေးကြပြီး စနစ်တကျ မှတ်တမ်းရေးသွင်းကြသည်။

၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကို ရွေးကောက်ပွဲဥပဒေ၊ နည်းဥပဒေများနှင့်အညီ လွတ်လပ်ပြီး တရားမျှတစွာ ကျင်းပရာတွင် မဲဆန္ဒရှင်များ လွတ်လပ်လွယ်ကူစွာ လျှို့ဝှက်ဆန္ဒပြုနိုင်ရန်၊ မဲရုံများ၌ ရွေးကောက်ပွဲတရားမျှတမှုကို ထင်သာမြင်သာရှိစေရန်နှင့် ဆန္ဒမဲပေးပိုင်ခွင့်ရှိသူများ မဲရုံများအတွင်းသို့ စည်းကမ်းတကျ ဝင်ရောက်မဲပေးနိုင်ရေး စနစ်တကျ စီမံဆောင်ရွက်ပေးလျက်ရှိသည်ကို တွေ့ရသည်။

**(သတင်းစဉ်)**

**❖ ကျောဖုံးမှ**

ကျွန်တော်တို့ မဲရုံမှာ မဲဆန္ဒရှင် နှစ်ထောင်ကျော်ရှိပေမယ့် မဲရုံဝန်ထမ်းအင်အားအလုံအလောက်နဲ့ လျင်လျင်မြန်မြန် ဆောင်ရွက်ပေးနိုင်တဲ့အတွက် အချိန်အကြာကြီးမစောင့်ရဘဲ မဲပေးခွင့်ရသွားကြတယ်”ဟု ၎င်းက ပြောသည်။

“ပထမဆုံးအကြိမ်မဲပေးခွင့်ရတဲ့အတွက် နိုင်ငံသားတစ်ယောက်ရဲ့တာဝန် ကျေပွန်သွားပြီလို့ ခံစားရပါတယ်။ အားကိုးယုံကြည်စွာနဲ့ ကျွန်တော်တို့ ရွေးချယ်ပေးလိုက်တဲ့ပါတီ အနိုင်ရခဲ့ရင်လည်း နိုင်ငံရဲ့အကျိုးကို အမှန်တကယ် လုပ်ဆောင်ပေးဖို့ မျှော်လင့်ပါတယ်”ဟု အောင်ဖြိုးကျော်က ပြောသည်။

ပြည်ကြီးတံခွန်မြို့နယ် သင်ပန်းကုန်းရပ်ကွက် မဲရုံအမှတ်(၃)တွင် ဆန္ဒမဲလာရောက်ပေးနေသည့် အသက် (၇၈)နှစ်အရွယ် ဒေါ်စောမြတ်ကလည်း “မဲပေးရတာ အဆင်ပြေပါတယ်။ ဘယ်ပါတီရယ်လို့ မရည်ရွယ်ပါဘူး။ အဆင်ပြေသလိုပဲ၊ ခုနစ်ရက်သားသမီးတွေ စိတ်ချမ်းသာအောင်လုပ်ပေးနိုင်တဲ့သူကို မှန်းဆပြီး ရွေးချယ်ပေးခဲ့ပါတယ်။ အဒေါ်အတွက် မျှော်လင့်ချက်မထားပေမယ့် နောင်လာနောက်သားတွေကောင်းအောင် လုပ်ပေးနိုင်ရင် ကျေနပ်ပါပြီ။ အရင်က မဲနှစ်ကြိမ်ပေးဖူးပေမယ့် ဒီတစ်ကြိမ်ကတော့ အရင်ကထက်ပိုပြီး စိတ်ဝင်တစားနဲ့ လာရောက် မဲပေးကြတာကို တွေ့ရပါတယ်။ နိုင်ငံ့ခေါင်းဆောင်ကောင်းတွေပေါ်လာပြီး တိုင်းပြည်ကြီးတိုးတက်ကောင်းမွန်ပါစေလို့ အဒေါ် ဆုတောင်းပေးပါတယ်”ဟု ပြောသည်။

ထို့ပြင် မဲပေးရာတွင်လည်း အခက်အခဲမရှိ လွတ်လပ်စွာ မဲပေးခွင့်ရရှိသည့်အပြင် မီဒီယာများ၊ ပြည်တွင်း၊ ပြည်ပစောင့်ကြည့်လေ့လာသူများအတွက်လည်း ပွင့်လင်းမြင်သာမှုရှိစေရန် လွတ်လပ်စွာ သတင်းယူခွင့်နှင့် လေ့လာစောင့်ကြည့်ခွင့်ပြုပေးထားသည်ကို တွေ့ရှိရကြောင်း၊ ပြည်တွင်းလေ့လာစောင့်ကြည့်ရေးအဖွဲ့မှ ကိုပိုင်ဖြိုးသက်က ပြောသည်။

“ရွေးကောက်ပွဲမကျင်းပခင်ကတည်းက လေ့လာစောင့်ကြည့်မှုတွေ လုပ်ခဲ့ပါတယ်။ ယနေ့ မဲပေးတဲ့နေ့မှာလည်း နံနက် ၆ နာရီကတည်းက မဲရုံပေါင်း ခြောက်ရုံကို လိုက်ပြီး လေ့လာစောင့်ကြည့်ခဲ့တာ ပွင့်လင်းမြင်သာမှု၊ လွတ်လပ်မှု၊ တရားမျှတမှုတွေ ရှိနေတာကို တွေ့မြင်နေရပါတယ်။ အခု ရွေးကောက်ပွဲရလဒ်ကိုလည်းတစ်ကမ္ဘာလုံးက အသိအမှတ်ပြုစေချင်ပါတယ်။ ရွေးကောက်ပွဲက ထွက်ပေါ်လာတဲ့ရလဒ်အတိုင်း အစိုးရသစ်ပေါ်ထွက်လာစေချင်ပါတယ်”ဟု ပြောသည်။

မန္တလေးတိုင်းဒေသကြီးတွင် မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် ၄၄၁၉၁၀၇ ဦးရှိပြီး မဲရုံပေါင်း ၅၁၈၄ ရုံတွင် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်နေရာ ၁၂၉ ဦး၊ အမျိုးသားလွှတ်တော်နေရာ ၃၆ ဦး၊ တိုင်းဒေသကြီးလွှတ်တော်နေရာ ၂၂၉ ဦးနှင့် ရှမ်းတိုင်းရင်းသားရေးရာလွှတ်တော်ကိုယ်စားလှယ်နေရာ ငါးဦး၊ စုစုပေါင်း ၃၉၉ ဦး နှင့် ပါတီပေါင်း ၂၁ ပါတီ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြပြီး အဆိုပါ ရွေးကောက်ပွဲသို့ ပြည်တွင်းမှ လာရောက်လေ့လာစောင့်ကြည့်သူ ၈၀၉ ဦး၊ ပြည်ပမှ လာရောက်လေ့လာသူ ၁၁၁၈ ဦးနှင့် မြန်မာနိုင်ငံဆိုင်ရာ အမေရိကန်သံအမတ်ကြီးနှင့်အဖွဲ့မှလည်း လာရောက်လေ့လာကြောင်း သိရသည်။

**တင်မောင်(မန်းကိုယ်ပွား)**
**မင်းထက်အောင် (မန်းကိုယ်ပွား)**

**ရန်ကုန်မြို့ သာကေတမြို့နယ် (၈)ရပ်ကွက်ရှိ မဲရုံများတွင် မဲရုံမှူးက မဲရုံပိတ်သိမ်းချိန်တွင် မဲရေတွက်နေပုံကို တွေ့ရစဉ်။**

(ဇေယျာဝင်း)



# တပ်မတော်သားများနှင့် မိသားစုဝင်များ ဆန္ဒမဲများပေးကြ

**နေပြည်တော် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲကြီးကို ယနေ့ နံနက် ၆ နာရီမှစတင်၍ နိုင်ငံတစ်ဝန်းလုံးတွင် ကျင်းပရာ တပ်မတော်သားများနှင့် မိသားစုဝင်များကလည်း သက်ဆိုင်ရာမဲရုံများတွင် ဆန္ဒမဲများပေးကြသည်။

နေပြည်တော် ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း အနော်ရထာခန်းမရှိ မဲရုံအမှတ်(၁)သို့ ယနေ့ နံနက် ၉ နာရီ ၁၅ မိနစ်တွင် တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီး မင်းအောင်လှိုင်နှင့် ဇနီးဒေါ်ကြူကြူလှတို့ သွားရောက်၍ ဆန္ဒမဲများပေးကြသည်။

တပ်မတော်ကာကွယ်ရေးဦးစီးချုပ်သည် ဆန္ဒမဲပေးပြီးချိန်တွင် မဲရုံသို့ လာရောက်သတင်းရယူကြသော သတင်းမီဒီယာများ၏ မေးမြန်းမှုများကို ပြန်လည်ဖြေကြားရာတွင် ပြည်သူအားကိုးသည့် ပါတီပင်အနိုင်ရမည်ဟု မျှော်လင့်ထားပါကြောင်း၊ ပြည်သူကရွေးချယ်ခြင်းဖြစ်၍ အနိုင်ရရှိမည့်ရလဒ်အပေါ် လက်မခံနိုင်စရာ အကြောင်းမရှိပါကြောင်း၊ ပြည်သူ၏ဆန္ဒအတိုင်းပင် မှန်မှန်ကန်ကန်ဖြင့် ၎င်းတို့အားကိုးရသည့်သူများ၊ အဖွဲ့အစည်းများ၊ ပါတီများ အောင်မြင်မှုရသည်ကို မိမိတို့လိုလားပါကြောင်း၊ ယခုအချိန်တွင် မိမိတို့သည်ပါတီစုံဒီမိုကရေစီစနစ်ကို သွားနေခြင်းဖြစ်ကြောင်း၊ မိမိတို့အနေဖြင့် ပြည်သူမှမှန်မှန်ကန်ကန် ရွေးချယ်သည့်ရလဒ်အပေါ်တွင် ကောင်းအောင်ဝိုင်း၍ ဆောင်ရွက်ကြမည်ဖြစ်ကြောင်း၊ ပြည်သူကလည်း ဥပဒေနှင့် အညီသွားနိုင်ဖို့လိုကြောင်း၊ ရွေးကောက်ပွဲရလဒ်ကို လက်ခံဖို့လိုကြောင်း၊ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် (UEC) မှ ရွေးကောက်ပွဲရလဒ်ကြေညာပြီးပါက ဘယ်သူပဲဖြစ်ဖြစ် လက်ခံရမည်ဖြစ်ကြောင်း၊ ရွေးကောက်ပွဲရလဒ်မှ ထွက်ပေါ်လာမည့်အစိုးရကို အာဏာလွှဲပြောင်းပေးရေးကိစ္စနှင့်ပတ်သက်၍ ဖွဲ့စည်းပုံအခြေခံဥပဒေတွင် ပါရှိပြီးဖြစ်ကြောင်း၊ Procedure အတိုင်း ဆက်သွားရမည်ဖြစ်ကြောင်း၊ ပြည်သူလူထုအနေဖြင့် ဒီမိုကရေစီရပိုင်ခွင့်အတိုင်း မှန်မှန်ကန်ကန်အသုံးချ၍ ၎င်းကျင့်စဉ်အတိုင်း သွားစေလိုပါကြောင်း ပြောကြားသည်။

ထို့အတူ ဒုတိယတပ်မတော်ကာကွယ်ရေးဦးစီးချုပ် ကာကွယ်ရေးဦးစီးချုပ် (ကြည်း) ဒုတိယဗိုလ်ချုပ်မှူးကြီး စိုးဝင်းနှင့် ဇနီးဒေါ်သန်းသန်းနွယ်၊ ညှိနှိုင်းကွပ်ကဲရေးမှူး (ကြည်း၊ ရေ၊ လေ)ပူးတွဲတာဝန် ကာကွယ်ရေးဦးစီးချုပ်(လေ) ဗိုလ်ချုပ်ကြီး ခင်အောင်မြင့်နှင့်ဇနီး၊ ကာကွယ်ရေးဦးစီးချုပ် (ရေ)ဒုတိယဗိုလ်ချုပ်ကြီး တင်အောင်စန်းနှင့်ဇနီး၊ တပ်မတော် အရာရှိကြီးများနှင့်ဇနီးများ၊ မိသားစုဝင်များကလည်း မဲရုံအမှတ်(၁)တွင် ဆန္ဒမဲများပေးကြသည်။

ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း ကျန်မဲရုံများတွင်လည်း နံနက် ၆နာရီ မဲရုံစတင်ဖွင့်လှစ်သည်နှင့် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ရှိ ရုံး/ဌာနများမှအရာရှိ စစ်သည်၊ မိသားစုဝင်များက သက်ဆိုင်ရာမဲရုံများသို့ သွားရောက်၍ စနစ်တကျဖြင့် ဆန္ဒမဲများအသီးသီးပေးကြသည်။

အလားတူ နေပြည်တော်တိုင်းစစ်ဌာနချုပ်၊ မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့မြောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့ပိုင်းတိုင်းစစ်ဌာနချုပ်၊ အရှေ့အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်၊ တြိဂံဒေသတိုင်း စစ်ဌာနချုပ်၊ အရှေ့တောင်တိုင်းစစ်ဌာနချုပ်၊ ကမ်းရိုးတန်းဒေသ တိုင်းစစ်ဌာနချုပ်၊ ရန်ကုန်တိုင်းစစ်ဌာနချုပ်၊ အနောက်တောင်တိုင်းစစ်ဌာနချုပ်၊ အနောက်ပိုင်းတိုင်းစစ်ဌာနချုပ်၊ အနောက်မြောက်တိုင်းစစ်ဌာနချုပ်၊ အလယ်ပိုင်းတိုင်းစစ်ဌာနချုပ်နှင့် တောင်ပိုင်းတိုင်းစစ်ဌာနချုပ် နယ်မြေများရှိ တိုင်းစစ်ဌာနချုပ်နှင့် တပ်ရင်း/တပ်ဖွဲ့များမှ မဲရုံများတွင်လည်း တိုင်းမှူးများ၊ အရာရှိစစ်သည်၊ မိသားစုဝင်များကသက်ဆိုင်ရာမဲရုံအသီးသီးတွင် စနစ်တကျဖြင့် ဆန္ဒမဲများပေးကြသည်။

မဲရုံများပိတ်သိမ်းချိန်တွင် မဲရုံမှူးများနှင့် မဲရုံအဖွဲ့ဝင်များသည် မဲပုံးများကို ဖွင့်ဖောက်၍ ခိုင်လုံမဲနှင့်ပယ်မဲများကို စနစ်တကျရွေးချယ်ရေတွက်ကြပြီး သက်ဆိုင်ရာမှတ်တမ်းစာအုပ်များတွင် မှတ်တမ်းရေးသွင်းကြသည်။

ထိုသို့ ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်း အတွင်းရှိ မဲရုံများနှင့် တိုင်းစစ်ဌာနချုပ်နယ်မြေများရှိ တပ်တွင်းမဲရုံများတွင် တပ်မတော်သားများနှင့် မိသားစုဝင်များ မဲဆန္ဒပေးနေမှုများကို နိုင်ငံတကာမှ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့ဝင်များ၊ ပါတီကိုယ်စားလှယ်များနှင့် ပြည်တွင်း၊ ပြည်ပသတင်းမီဒီယာများမှ သတင်းထောက်များ လာရောက်လေ့လာခြင်း၊ သတင်းရယူခြင်းများ ဆောင်ရွက်ခဲ့ကြကြောင်း သတင်းရရှိသည်။ **(မြဝတီ)**

# နိုင်ငံခြားရေးဝန်ကြီးဌာန သတင်းထုတ်ပြန်ချက်

၁။ မကြာသေးမီက Fortify Rights နှင့် International State Crime Initiative ဆိုသောအဖွဲ့တို့က မြန်မာနိုင်ငံ ရခိုင်ပြည်နယ်တွင် ၎င်းတို့အဆို "ရိုဟင်ဂျာ" ဆိုသူများအား လူမျိုးတုံးသတ်ဖြတ်လျက်ရှိကြောင်းနှင့် အခြားမဟုတ်မမှန် အခြေအမြစ်မရှိသည့် စွပ်စွဲချက်များကို ကိုးကား၍ ထုတ်ပြန်ဖော်ပြမှုများ ပြုလုပ်ခဲ့သည်ကိုတွေ့ရှိရသည်။ ယင်းသို့ လုပ်ဆောင်မှုသည် ကုလသမဂ္ဂ လူ့အခွင့်အရေးကောင်စီတွင် ကမ္ဘာ့နိုင်ငံအားလုံး၏ လူ့အခွင့်အရေးအခြေအနေအား သုံးသပ်သည့် အစီအစဉ်အောက်မှ မြန်မာနိုင်ငံမှ အစီရင်ခံစာ တင်သွင်းသည့်အချိန်နှင့် ပြည်တွင်းနိုင်ငံရေးတွင် အရေးကြီးသည့် ပါတီစုံအထွေထွေရွေးကောက်ပွဲကျင်းပပြုလုပ်မည့်ကာလတို့နှင့် အချိန်ကိုက်ဖန်တီးလုပ်ဆောင်မှုတစ်ရပ် ဖြစ်ပါသည်။ ၎င်းတို့ စာတမ်းများ ထုတ်ပြန်သည့် တစ်ချိန်တည်းတွင် အယ်လ်ဂျာဇီးယားသတင်းဌာနကလည်း ယင်းကိစ္စကို သတင်းထုတ်လွှင့်ခဲ့သည်။

၂။ အဆိုပါမမှန်မကန်စွပ်စွဲထားသည့် စာတမ်း၊ သတင်းများသည် အခြေအမြစ်မရှိ၊ မှန်ကန်မှုမရှိသည့် စွပ်စွဲပြောကြားချက်များကို အခြေခံ၍ ပြုစုထားခြင်းဖြစ်သည်။ "ရိုဟင်ဂျာ" ဟူသော အသုံးအနှုန်းသည် ဖန်တီးတီထွင်ထားသည့် အသုံးအနှုန်းဖြစ်သောကြောင့် မြန်မာအစိုးရနှင့် ပြည်သူများက အသိအမှတ်မပြုပါ။ အဆိုပါ စာတမ်း၊ သတင်းများတွင် ဖော်ပြပါရှိသည့် မဟုတ်မမှန်စွပ်စွဲမှုများကို ပြတ်သားစွာ ပယ်ချပါသည်။

၃။ ဤသို့ မဟုတ်မမှန် အခြေအမြစ်မရှိ စွပ်စွဲမှုများသည် မြန်မာနိုင်ငံ၏ ပြည်တွင်းရေးရာကို စွက်ဖက်ရာရောက်ခြင်း၊ မြန်မာနိုင်ငံ၏ တည်ငြိမ်အေးချမ်းမှုကို ထိခိုက်ရာရောက်စေခြင်းနှင့် အေးချမ်းစွာနေထိုင်သည့် ပြည်သူများအပေါ် အထင်အမြင်လွဲမှားစေရန် ပြုလုပ်ရာရောက်ခြင်းတို့ကြောင့် အထက်ပါလုပ်ရပ်များအား ပြင်းထန်စွာ ကန့်ကွက်လိုက်သည်။

**နိုင်ငံခြားရေးဝန်ကြီးဌာန**
**နေပြည်တော်**
**၂၀၁၅ ခုနှစ်၊ နိုဝင်ဘာလ ၈ရက်။**



ရန်ကုန်တောင်ပိုင်းခရိုင် သန် လျင် မြို့ မြို့မတောင် ရပ်ကွက် မဲရုံအမှတ် (၂) ၌ ဆန္ဒမဲများ ရေတွက်နေစဉ်။
**သန်းဝင်း (သန်လျင်)**

# မုံရွာခရိုင်အတွင်း ပြည်သူများ စိတ်ထက်သန်စွာ ဆန္ဒမဲများ လာရောက်ပေး

မြန်မာနိုင်ငံ၏ (၁၀)ကြိမ်မြောက် ပါတီစုံ ဒီမိုကရေစီအထွေထွေ ရွေးကောက်ပွဲသည် ယခင်ကျင်းပခဲ့သော ရွေးကောက်ပွဲများထက်ဆန္ဒမဲပေးသူများ၏ကိုယ်တိုင် မဲပေးမဲထည့်လိုမှုဆန္ဒထက်သန်မှုမှာရာနှုန်းပြည့်ရှိသည်ကို နိုဝင်ဘာလ ၈ ရက် ရွေးကောက်ပွဲကျင်းပစဉ် မုံရွာဒေသခံ အောင်မင်္ဂလာ ရပ်ကွက်နေ ဦးထွန်းထွန်းဦးက ပြောပြသည်။

"၂၀၁၅ ခုနှစ် ဆန္ဒမဲပေးကြတဲ့ မြင်ကွင်းကတော့ ကြည်နူးဝမ်းသာတဲ့ အပြင် အားရမှုလည်းရှိခဲ့ပါတယ်။ ၂၀၁၀ခုနှစ်တုန်းကတော့ အဓိကပြိုင်ဘက်ပါတီက ဝင်မပြိုင်ခဲ့တဲ့အတွက် ပြည်သူတွေဆန္ဒမဲပေးရမှာစိတ်ဝင်စားမှု နည်းခဲ့တာတွေ့ရပါတယ်။ အခု ၂၀၁၅ ရွေးကောက်ပွဲ မြင်ကွင်းကတော့ ပြည်သူတွေရဲ့တက်ကြွစိတ်အားထက်သန်မှု ရာနှုန်းပြည့်ရှိနေတယ်ဆိုတာ ရဲရဲကြီးပြောရဲပါတယ်" ဟု ၎င်းက ပြောပြသည်။

မြန်မာနိုင်ငံ လွတ်လပ်ရေးမရခင်ကာလနှင့် လွတ်လပ်ရေးရပြီးချိန်တို့တွင် ရွေးကောက်ပွဲ (၉)ကြိမ်ရှိခဲ့ရာ ယခု ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီအထွေထွေရွေးကောက်ပွဲသည် (၁၀) ကြိမ်မြောက်အဖြစ် ကျင်းပခြင်းဖြစ်ကြောင်း၊ ယခုရွေးကောက်ပွဲသည် မြန်မာနိုင်ငံ၏ အနာဂတ်အတွက် လွတ်လပ်သည့် ရွေးကောက်ပွဲအစဉ်အလာကို ချမှတ်ပေးခြင်းဖြစ်သလို မြန်မာနိုင်ငံ၏ အနာဂတ်အပေါ် အနောက်နိုင်ငံများ၏ အမြင်သည် များစွာ အရေးပါလှကြောင်း မုံရွာမြို့နေ အမျိုးသားစာပေဆုရ စာရေးဆရာကြီးဦးအုံ့မောင်က ပြောသည်။

မုံရွာခရိုင်အတွင်း မုံရွာမြို့နယ်တွင် မဲရုံ ၁၅၉ရုံ၊ ဘုတလင်မြို့နယ်တွင် ၉၄ရုံ၊ အရာတော်မြို့နယ်တွင်၁၁၂ရုံနှင့် ချောင်းဦးမြို့နယ်တွင် ၇၁ရုံ စုစုပေါင်း မုံရွာခရိုင်တွင် မဲရုံပေါင်း ၄၃၆ ရုံရှိ သည်။ မုံရွာခရိုင်အတွင်း မဲဆန္ဒရှင်စုစုပေါင်း ၅၇၂၆၆၅ ဦးရှိပြီး မုံရွာမြို့နယ်တွင် ၂၅၈၁၄၀၊ ဘုတလင်မြို့နယ်တွင် ၁၀၅၉၁၅ဦး၊ အရာတော်မြို့နယ်တွင် ၁၂၆၇၈၂ ဦးနှင့်ချောင်းဦးမြို့နယ်တွင် ၈၁၈၂၈ ဦးရှိကြောင်း သိရသည်။ မုံရွာမြို့နယ်တွင် မုံရွာမြို့ မြဝတီရပ်ကွက်မှမဲဆန္ဒရှင် ၁၀၉၀၉ဦးဖြင့် မဲဆန္ဒရှင်အများဆုံးရှိသလို ဘုတလင်မြို့နယ်တွင် ၃၂၅၇ ဦးရှိသော ငပယင်းကျေးရွာက မဲဆန္ဒရှင်အများဆုံးဖြစ်ကြောင်းသိရသည်။

ထို့ပြင် အရာတော်မြို့နယ်တွင် မဲဆန္ဒရှင်၃၂၆၉ ဦးဖြင့် နောင်ကြီးအိုင်ကျေးရွာကအများဆုံးဖြစ်ပြီး ချောင်းဦးမြို့နယ် ကျီကုန်းကျေးရွာသည်မဲဆန္ဒရှင်၃၁၇၉ဦးဖြင့် အများဆုံးရှိကြောင်း သိရသည်။ ပြီးခဲ့သည့်အောက်တိုဘာ ၂၉ ရက်က စတင်ပေးခဲ့သော ကြိုတင်မဲအရေအတွက်သည် နိုဝင်ဘာ ၇ ရက်အထိ မုံရွာခရိုင် မဲဆန္ဒနယ်အတွင်း ၂၅၁၅မဲရှိပြီး မဲဆန္ဒနယ်ပြင်ပမှ ကြိုတင်မဲပေးသူ ၁၅၂၇ မဲရှိကြောင်း မုံရွာခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲအရာရှိထံမှ သိရသည်။

"၂၀၁၀ ခုနှစ်ပေးခဲ့ရတာထက် အခု ၂၀၁၅ မဲပေးရတာကိုပိုပြီးကျေနပ်အားရသလိုဆန္ဒရှိတာကိုဆန္ဒရှိသလိုပေးခွင့်ရတာကိုကျေနပ်တယ်။ အရင် ၂၀၁၀ တုန်းက ဝန်ထမ်းဆိုတော့ မလွတ်လပ်ဘူး။ အခုအငြိမ်းစားယူပြီးသွားပြီဆိုတော့ စိတ်ထဲရှိတာပေးခွင့်ရတာကျေနပ်တယ်"ဟု မုံရွာမြို့ ဆူးလေကုန်းရပ်ကွက်နေ မီးရထားဝန်ထမ်းအငြိမ်းစား ဦးသိန်းဆုက ပြောပြသည်။



စစ်ကိုင်းတိုင်းဒေသကြီး မုံရွာမြို့ ဆူးလေကုန်းရပ်ကွက် အထက(၃)ရှိ မဲရုံအမှတ်(၁)တွင် ဆန္ဒမဲထည့်ပြီးသူ တစ်ဦး၏ လက်ချောင်းအား မဲပေးပြီးကြောင်း အမှတ်အသား ပြုလုပ်ပေးစဉ်။
**ဓာတ်ပုံ- ဖိုးချမ်း(မုံရွာ)**

ယခင် ရွေးကောက်ပွဲများထက် ယခုရွေးကောက်ပွဲတွင် ကိုယ်စားလှယ်လောင်းများ၏ ယုံကြည်စိတ်ချမှုကလည်း ကိန်းဂဏန်းအရေအတွက်အရ မြင့်တက်ကြောင်း ထင်ရှားသည်။ တစ်သီးပုဂ္ဂလ ယှဉ်ပြိုင်သူဦးရေမှာ ၁၉၉၀ ပြည့် ရွေးကောက်ပွဲတွင် ၈၇ ဦး၊ ၂၀၁၀ ပြည့်ရွေးကောက်ပွဲတွင် ၈၂ ဦးနှင့် ယခု ၂၀၁၅ ရွေးကောက်ပွဲတွင် ၃၂၃ ဦးရှိသည်။ ထို့ပြင် ဝင်ရောက်ယှဉ်ပြိုင်ရန် စာရင်းသွင်းသူဦးရေမှာ ၁၉၉၀ ပြည့်နှစ်က ၂၂၉၆ ဦးရှိသလို ၂၀၁၀ ပြည့်နှစ်တွင် ၃၀၆၉ ဦးရှိခဲ့ရာမှ ၂၀၁၅ ခုနှစ်တွင် ၆၁၈၉ ဦးရှိခဲ့ကြောင်း သိရသည်။ ၂၀၁၅ ၏ ကိုယ်စားလှယ်လောင်း ၆၁၈၉ဦး တင်သွင်းခဲ့သော်လည်းပယ်ဖျက်နုတ်ထွက်၊ ပျက်ကွက်၊ သေဆုံးစသည့်အကြောင်း အမျိုးမျိုးကြောင့် နောက်ဆုံးစာရင်းတွင် ၆၀၁၈ ဦးရှိကြောင်း သိရသည်။ ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲတွင် ဝင်ရောက်ယှဉ်ပြိုင်ကြသည့် ကိုယ်စားလှယ်လောင်း ၆၀၁၆ ဦးတို့က မဲဆွယ်စည်းရုံးခဲ့ကြသော်လည်း အောင်နိုင်သူရရှိမည့်အရေအတွက်မှာ ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် ၃၃၀ နေရာ၊ အမျိုးသားလွှတ်တော် ၁၆၈ နေရာ၊ တိုင်းဒေသကြီးနှင့် ပြည်နယ်လွှတ်တော် ၆၄၄ နေရာနှင့် တိုင်းဒေသကြီးနှင့် ပြည်နယ်တွင် တိုင်းရင်းသားကိုယ်စားလှယ်ဝန်ကြီး ၂၉ နေရာ စုစုပေါင်း ၁၁၇၁ နေရာရှိကြောင်း သိရသည်။

**မျိုးဝင်းထွန်း(မုံရွာ)**

ပြည်တွင်းရေးရာ

# ကော့မှူးမြို့နယ်တွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်တစ်ဦးနှင့် ပါတီပေါင်း ၈ ပါတီမှ ကိုယ်စားလှယ်များ ဝင်ရောက်ယှဉ်ပြိုင်



**ရန်ကုန် နိုဝင်ဘာ ၈**

ယနေ့ကျင်းပသည့် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ရန်ကုန်တိုင်းဒေသကြီး တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်၌ တစ်သီးပုဂ္ဂလ ကိုယ်စားလှယ်တစ်ဦးနှင့် ပါတီပေါင်း ရှစ်ပါတီမှ ကိုယ်စားလှယ်ပေါင်း ၁၈ ဦးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြောင်း ကော့မှူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

ကော့မှူးမြို့နယ် ရှာဘွားကျေးရွာနေ ကိုသိန်းကျော်မြင့်က "မဲပေးရတာ လွယ်ကူပါတယ်။ ဘာအခက်အခဲမှ မရှိပါဘူး။ မနက်တည်းက ရွာကလူတွေ မဲပေးဖို့ကို တက်ကြွနေကြတယ်။ ကိုယ်ကြိုက်တဲ့သူ၊ ကိုယ်ကြိုက်တဲ့ပါတီကို ကိုယ်တိုင် လွတ်လွတ်လပ်လပ်မဲပေးခွင့်ရတော့ ကျေနပ်တယ်ပေါ့ဗျာ" ဟု ပြောသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ် ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအောင်မြတ်က "မဲစာရင်းနဲ့ပတ်သက်လို့ ဘာအခက်အခဲတွေ့ရလဲဆိုတော့ မဲလက်မှတ်မှာ ကော်မရှင် လက်မှတ်ထိုးတာမတွေ့ရလို့ ဘာလို့မထိုးတာလဲလို့ ပါတီအချို့မေးတာရှိတယ်။ ကော်မရှင်က မထိုးရပါဘူး။ ကြိုတင်မဲသာ ကော်မရှင်ကထိုးရတာပါ။ မဲရုံကိုလာပေးရင်တော့ မဲရုံမှူးပဲထိုးရတာပါလို့၊ မဲရုံမှူးနဲ့ပဲဆိုင်ပါတယ်လို့ ရှင်းပြရတယ်။ မနက် ၆ နာရီကတည်းက မြို့နယ်က ပို့လာသမျှ အခြေအနေသတင်းတွေကို ဒီကနေ ချက်ချင်းဆုံးဖြတ်ပေးနေပါတယ်။ မဲစာရင်းနာမည်မပါလို့ လာပြောတဲ့သူတွေရှိပေမယ့် အဲဒါမျိုးကျ လက်ခံပြီးဆောင်ရွက်ပေးလို့ မရတော့ဘူးလေ။ပေးခွင့်လည်းမရှိတော့ပါဘူး" ဟု ပြောသည်။

ကော့မှူးမြို့နယ်တွင် မဲဆန္ဒရှင်ပြည်သူများ လုံခြုံအေးချမ်းစွာဖြင့် ဆန္ဒမဲပေးနိုင်ရန်အတွက် မဲရုံတိုင်းတွင် အထူးရဲနှင့် ရပ်ကွက်လုံခြုံရေးအဖွဲ့များကို ချထားပေးပြီး မသန်စွမ်းသူများအတွက်လည်း မဲပေးရာတွင် အဆင်ပြေချောမွေ့စေရန် မီးသတ်တပ်ဖွဲ့ဝင်များနှင့် ရပ်/ကျေးအထောက်အကူပြုအဖွဲ့များက ကူညီဆောင်ရွက်ပေးလျက်ရှိကြောင်း သိရသည်။

ရှာဘွားကျေးရွာ ရွေးကောက်ပွဲကော်မရှင်ဥက္ကဋ္ဌ ဦးအုန်းခင်က "ဒီရွာမှာနေတယ်၊ ဒီမှာမွေးတယ် မဲပေးလို့ မရဘူးလား လာမေးတဲ့လူတွေရှိတယ်။ အစောပိုင်းရက်တွေကလာပြောရင် ပြင်ဆင်ဖြည့်စွက်ပြီး ရွေးကောက်ပွဲကော်မရှင်ကို ပြန်တင်ပေးလိုက်တယ်။ မဲစာရင်းကပ်တုန်းကလည်း လာမကြည့်ကြဘူး။ သူများပေးတော့မှ ပေးချင်ပြီး လာကြတယ်။ မဲစာရင်းမှာပါလို့ တစ်ခုခုလွဲနေရင် ရပ်/ကျေးဥက္ကဋ္ဌနဲ့ ကော်မရှင်ဥက္ကဋ္ဌ ညှိပြီး အဆင်ပြေအောင်လုပ်ပေးနေပါတယ်"ဟုပြောသည်။

ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးကျော်ဇင်ဟိန်း၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်အောင်ဆန်းစုကြည်၊ မြန်မာနိုင်ငံတောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးညီဝင်း၊ အမျိုးသားတိုးတက်ရေးပါတီမှ ဒေါ်ယုယုခိုင်၊ ခေတ်သစ်ပြည်သူ့ပါတီမှ ဒေါ်ရီရီစံတို့က လည်းကောင်း၊ အမျိုးသားလွှတ်တော်ကိုယ်စားလှယ်လောင်းနေရာအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးကျော်ထွေး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဒေါက်တာခင်ရွှေ၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီမှ ဦးဇေယျာမင်း၊ တစ်သီးပုဂ္ဂလမှ ဦးမြသိန်း၊ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဦးအေးကိုတို့က လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်) ပြည်နယ်လွှတ်တော် မဲဆန္ဒနယ်အမှတ်(၂) နေရာအတွက် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးဇော်မင်းအောင်၊ မြန်မာနိုင်ငံ တောင်သူလယ်သမားဖွံ့ဖြိုးတိုးတက်ရေးပါတီမှ ဒေါ်ညွန့်ညွန့်စန်း၊ ညီညွတ်သောဒီမိုကရက်တစ်ပါတီမှ ဒေါ်နုနုရီ၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးဝင်းထွန်းနိုင်(ခ)ရွှေဘော်၊ ကရင်ပြည်သူ့ပါတီမှ ဦးအောင်မိုးတို့က လည်းကောင်း၊ တိုင်းဒေသကြီးလွှတ်တော်(သို့မဟုတ်) ပြည်နယ်လွှတ်တော် တိုင်းရင်းသားလူမျိုး မဲဆန္ဒနယ်အတွက် ကရင်ပြည်သူ့ပါတီမှ ဦးစောစေးဝါး၊ ပြည်ထောင်စုကြံ့ခိုင်ရေးနှင့်ဖွံ့ဖြိုးရေးပါတီမှ ဦးစောအဲလ်ဘတ်၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဒေါ်ပန်းသဥ္ဇာမျိုး၊ ကရင်အမျိုးသားပါတီမှ ဦးအောင်မြိုင်တို့ အသီးသီး ဝင်ရောက်ယှဉ်ပြိုင်ရွေးချယ်ခံခဲ့ကြောင်းသိရသည်။

ကော့မှူးမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ်လောင်းနေရာအတွက် ဝင်ရောက်အရွေးခံသည့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည်သည် ကော့မှူးမြို့နယ်အတွင်းရှိ အခြေခံပညာအထက်တန်းကျောင်း နတ်စင်ကုန်းစံပြကျေးရွာ၊ ငှက်အော်စမ်း လူငယ်သင်တန်းကျောင်း၊ မကျီးကန်ကျေးရွာအခြေခံပညာမူလတန်းကျောင်းတို့တွင် ဖွင့်လှစ်ထားသည့် မဲရုံများသို့ သွားရောက်ပြီး မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနေမှုကို ကြည့်ရှုအားပေးကာ ဒေါ်ခင်ကြည်ဖောင်ဒေးရှင်းမှ ဖွင့်လှစ်ထားသည့် (HCTA) ဟိုတယ်သင်တန်းကျောင်းသို့သွားရောက်ခဲ့ကြောင်းသိရသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ကော့မှူးမြို့နယ်တွင် ရပ်ကွက်ပေါင်း ခုနစ်ရပ်ကွက်၊ ကျေးရွာပေါင်း ၅၅ ရွာ ရှိ လူဦးရေ ၁၂၀၀၀၀ ကျော်တွင် မဲပေးခွင့်ရှိသူ ၉၂၁၃၈ ဦးရှိပြီး မဲရုံပေါင်း ၁၅၅ ရုံရှိကာ လူဦးရေ ထူထပ်သည့် နတ်စင်ကုန်းကျေးရွာတွင် မဲရုံ ခြောက်ရုံနှင့် မဆယ်ဆိပ်ကျေးရွာတွင် မဲရုံ ခုနစ်ရုံ ဖွင့်လှစ်ပေးထားကြောင်း မြို့နယ်ရွေးကောက်ပွဲကော်မရှင်မှ သိရသည်။

**(သတင်း-သီသီမင်း၊ ဓာတ်ပုံ-အောင်မင်း(ဒလ)၊ ဝင်း)**

# ဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီးနှင့် ပြည်သူတို့အပြုံး

**ရန်ကုန် နိုဝင်ဘာ ၈**

ယနေ့သည် ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော်တွင် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကြီး ကျင်းပသည့်နေ့ဖြစ်သည်။ နံနက်ခင်းလင်းရောင်ခြည်မလွှမ်းနိုင်သေးခင်မှာပင် လမ်းမထက်မှာ မဲသွားပေးမည့်ပြည်သူတို့အသံက လွှမ်းမိုးနေပြီး ၎င်းအသံသည် သင်္ဃန်းကျွန်းမြို့နယ် ငမိုးရိပ် ၃ လမ်းမှ အမှတ်(၁) အခြေခံပညာအလယ်တန်းကျောင်း မဲရုံသို့သွားနေသည့်ခြေသံများပင် ဖြစ်သည်။

ကျောင်းဝင်းအတွင်းမှာမူ နံနက် ၅ နာရီခွဲကျော်ကတည်းက လာရောက်တန်းစီနေသော လူအုပ်ကြီးကို မြင်တွေ့နေရသည်။ ထို့အတူ မဲရုံအတွင်းမှာလည်း ပြည်သူ့လွှတ်တော်၊ အမျိုးသားလွှတ်တော်၊ တိုင်းဒေသကြီးလွှတ်တော်၊ တိုင်းဒေသကြီးတိုင်းရင်းသားလွှတ်တော် စသဖြင့် မဲပုံးလေးပုံးထားရှိပြီး မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူများမှ သတ်မှတ်ထားသော စည်းကမ်းချက်များနှင့်အညီ လွှတ်တော်အလိုက် တစ်ဆင့်ခြင်းလုပ်ဆောင်ပေးနေကြသည်။ မဲဆန္ဒရှင်ပြည်သူများဘက်ကလည်း ဆန္ဒပြုပြီး မဲလက်မှတ်များကို သက်ဆိုင်ရာမဲပုံးတွေအလိုက် စနစ်တကျထည့်နေကြသည်။ ဆန္ဒပြုမဲလက်မှတ်များထည့်ပြီးပြန်အထွက်မှာတော့ သက်သေခံမဲလက်မှတ်ပြပြီး မင်တို့သူက ဘယ်ဘက်လက်သန်းကို မင်တို့ပေးလိုက်ကာ မဲလက်မှတ်ကို စုတ်ဖြဲလိုက်သည်။ အဆိုပါမြင်ကွင်းများသည် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲ၏ အကျိုးရလဒ်ကောင်းများပင် ဖြစ်ပါတော့သည်။

"ကျွန်မနိုင်ငံသားကောင်းတစ်ဦး ပီသခဲ့ပါပြီ။ နိုင်ငံအတွက်၊ ကျွန်မတို့ပြည်သူတွေအတွက် တကယ်အလုပ်လုပ်ပေးမယ့်သူတွေကို ရွေးချယ်ပြီး မဲပေးခဲ့ပါတယ်"ဟု မင်တို့ထားတဲ့ လက်သန်းလေးကိုပြကာပြုံးပြီး အမှတ်(၁)အခြေခံပညာအလယ်တန်းကျောင်း မဲရုံအမှတ်(၅)မှ ငမိုးရိပ်ရပ်ကွက်နေ ပြည်သူတစ်ဦးက ဆိုသည်။

ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်တွင် ရပ်ကွက် ၃၈ ရပ်ကွက်ရှိပြီး နေထိုင်သူဦးရေ ၁၉၈၇၁၂ ဦး ရှိသည်။ မြို့နယ်ကော်မရှင်အဖွဲ့ခွဲမှ ထုတ်ပြန်သော နောက်ဆုံးမဲစာရင်းအရ မဲပေးခွင့်ရသူဦးရေ တိုင်းဒေသကြီးလွှတ်တော်မဲဆန္ဒနယ် အမှတ်(၁)တွင် မဲဆန္ဒရှင်ဦးရေ ၆၂၁၃၄၊ အမှတ်(၂)တွင် မဲဆန္ဒရှင်ဦးရေ ၆၉၄၅၃ ဖြင့် စုစုပေါင်း ၁၃၁၅၈၇ ဦး ရှိသည်။ ထိုအထဲတွင် ရခိုင်တိုင်းရင်းသား ၇၄၃ ဦး၊ ကရင်တိုင်းရင်းသား ၅၁၈ ဦး ပါဝင်သည်။ ရပ်ကွက်အလိုက် မဲရုံများထားရှိကာ မဲရုံပေါင်း ၁၂၀ ရှိသည်။ မဲရုံတစ်ရုံတွင် မဲရုံမှူးအပါအဝင် ဝန်ထမ်း ၁၀ ဦးမှ ၁၅ ဦး တာဝန်ထမ်းဆောင်နေကြပြီး ညနေ ၄ နာရီတွင် မဲရုံပိတ်ကာ ရပ်ကွက်အလိုက် ရရှိလာသည့်မဲများကို ကော်မရှင်အဖွဲ့ဝင်များ၊ ရွေးကောက်ခံကိုယ်စားလှယ်များနှင့် ပြည်သူတို့ရှေ့တွင် ဖွင့်ဖောက်ကာ မဲများကိုရေတွက်ကြသည်။ ထို့ကြောင့် ယနေ့ရွေးချယ်ပေးလိုက်သည့် မဲရလဒ်များသည် သန်းပေါင်းများစွာသော ပြည်သူတို့၏ ဆန္ဒအမှန်များဖြစ်ရာ ယင်းဆန္ဒများမှသည် တရားမျှတ၊ လွတ်လပ်၊ ပွင့်လင်းသော ဒီမိုကရေစီနိုင်ငံဆီသို့ ဦးတည်နိုင်တော့မည်ဖြစ်ပါသည်။

**(သတင်း-ခင်ဇာလီ၊ ဓာတ်ပုံ-သိမ့်ရွှေရည်)**



စစ်ကိုင်းမြို့ပေါ်အပါအဝင် ကျေးရွာများတွင် ၂၀၁၅ ခုနှစ် အထွေထွေရွေးကောက်ပွဲကို နိုဝင်ဘာ ၈ ရက်က ကျင်းပရာ မဲရုံမဖွင့်လှစ်မီအချိန်တွင် ဆန္ဒမဲပေးရန် အများအပြားတန်းစီ၍ စောင့်ဆိုင်းနေကြစဉ်။

(ခိုင်ဇေယျ)

ooo



# မဲဆန္ဒရှင်များ မဲပေးရန် စီတန်းစောင့်ဆိုင်း

**နေပြည်တော် နိုဝင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ ဇမ္ဗူသီရိမြို့နယ် ဉာဏသိဒ္ဓိရပ်ကွက် မဲရုံအမှတ်(၁၇)နှင့် (၁၈)ကို အထက(၉)ကျောင်းတွင် ဖွင့်လှစ်၍ မဲဆန္ဒရှင်များ လွတ်လပ်၍အေးချမ်းစွာ ဆန္ဒမဲများပေးရန် မဲရုံအဝင်တွင် တက်ကြွစွာ စီတန်းစောင့်ဆိုင်းနေကြသည်။**(ယာပုံ)**

မဲရုံ(၁၇)တွင် ဆန္ဒမဲပေးနိုင်သူဦးရေမှာ ၁၅၈၀ ရှိပြီး ကြိုတင်မဲပေးပြီးသူ ၁၈၅ ဦးရှိသည်။ မဲရုံ(၁၈)တွင် မဲပေးနိုင်သူဦးရေ ၁၈၅ ဦးရှိပြီး ကြိုတင်မဲပေးသူဦးရေ ၂၈၅ ဦးရှိကြောင်း သိရသည်။

(၅၃၇)





ဒုတိယသမ္မတဒေါက်တာစိုင်းမောက်ခမ်း လားရှိုးမြို့နယ် ရပ်ကွက်(၇)၌ ဖွင့်လှစ်ထားသော မဲရုံအမှတ်(၃)တွင် ဆန္ဒမဲပေးနေစဉ်။ (သတင်းရှေ့ဖုံး) (ဓာတ်ပုံ-သတင်းစဉ်)



ပြည်သူ့လွှတ်တော်ဥက္ကဋ္ဌ သူရဦးရွှေမန်း ဖြူးမြို့နယ် ကညွတ်ကွင်း ကွင်းနောက် (၁) ရပ်ကွက် မဲရုံအမှတ်(၂)တွင် ဆန္ဒမဲပေးနေစဉ်။ (သတင်းရှေ့ဖုံး) (ဓာတ်ပုံ-သတင်းစဉ်)



တပ်မတော်ကာကွယ်ရေးဦးစီးချုပ် ဗိုလ်ချုပ်မှူးကြီးမင်းအောင်လှိုင် နေပြည်တော် ဇေယျာသီရိမြို့နယ် အနော်ရထာရပ်ကွက် ကာကွယ်ရေးဦးစီးချုပ်ရုံး(ကြည်း)ဝင်းအတွင်း အနော်ရထာခန်းမရှိ မဲရုံအမှတ်(၁)တွင် ဆန္ဒမဲပေးနေစဉ်။ (သတင်း စာမျက်နှာ-၆) (ဓာတ်ပုံ-မြဝတီ)



အမျိုးသားလွှတ်တော်ဥက္ကဋ္ဌ ဦးခင်အောင်မြင့် ပျော်ဘွယ်မြို့နယ် ပြည်တော်သာရပ်ကွက် မဲရုံအမှတ်(၂) တွင် ဆန္ဒမဲပေးနေစဉ်။ (သတင်းရှေ့ဖုံး) (ဓာတ်ပုံ-သတင်းစဉ်)

## မြန်မာယူ-၂၀ အမျိုးသမီးအသင်း ဒုတိယနေရာသာရရှိ

**ဟိုချီမင်း နိုဝင်ဘာ ၈**

ဗီယက်နမ်ဖိတ်ခေါ် အမျိုးသမီးဘောလုံးပြိုင်ပွဲ အုပ်စုနောက်ဆုံးနေ့ ပွဲစဉ်များကို ယနေ့ ညနေပိုင်းက ဟိုချီမင်းမြို့တွင် ဆက်လက်ကျင်းပရာ မြန်မာယူ-၂၀ အမျိုးသမီးအသင်းမှာ ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်းကို တစ်ဂိုး- ဂိုးမရှိဖြင့် ရှုံးနိမ့်ခဲ့ပြီး ဒုတိယနေရာဖြင့်သာ ကျေနပ်ခဲ့ရသည်။

မြန်မာယူ-၂၀ အမျိုးသမီးအသင်းမှာ အိမ်ရှင်ဗီယက်နမ်ကလပ်အသင်းကို ခြေရည်တူနီးပါး လိုက်ကစားနိုင်ခဲ့သော်လည်း ဒုတိယပိုင်းတွင် ပေးလိုက်ရသည့် တစ်ဂိုးတည်းဖြင့် ရှုံးနိမ့်ခဲ့ခြင်းဖြစ်သည်။ ဂိုးကွာခြားချက်တွင် အသာရထားသည့် ဟိုချီမင်းစီးတီးအသင်းမှာ သရေကျရုံဖြင့် ဗိုလ်စွဲမည်ဖြစ်သော်လည်း ရာနှုန်းပြည့် နိုင်ပွဲရယူခဲ့ခြင်းဖြစ်သည်။

မြန်မာအသင်းမှာ ချန်ပီယံဆုအတွက် အဆုံးအဖြတ်ပွဲဖြစ်သည့်အပြင် အိမ်ရှင်အသင်းနှင့် ယှဉ်ပြိုင်ရခြင်းဖြစ်၍ ကစားကွက်ရော လူစာရင်းပါ အပြောင်းအလဲပြုလုပ်ခဲ့သည်။ ယခုပွဲတွင် ပုံမှန်ကစားနေကျ ၄-၄-၂ အစား ၄-၅-၁ ကစားကွက်သို့ ပြောင်းလဲကစားခဲ့ပြီး ခင်သီတာအေး(ဂိုး)၊ ငယ်ငယ်လှိုင်၊ ခင်သန်းဝေ၊ အေးအေးမိုး၊ ဇင်မာထွန်း၊ လှဲ့လှဲ့လှိုင်၊ ရူပါခိုင်၊ မေစံပယ်ဖူး၊ ဝင်းသိင်္ဂီထွန်း၊ မေသူကျော်၊ လှယဉ်ဝင်းတို့ဖြင့် ပွဲထွက်ခဲ့သည်။ မြန်မာအမျိုးသမီးအသင်းမှာ မိနစ် ၇၀ ကျော် ဟိုချီမင်းတိုက်စစ်ကို ထိန်းချုပ်နိုင်ခဲ့သော်လည်း ၇၅ မိနစ်တွင် ပေးလိုက်ရသည့် တစ်ဂိုးတည်းဖြင့် ရှုံးခဲ့ရခြင်းဖြစ်သည်။ မြန်မာအသင်းမှာ တိုက်စစ်ပိုင်း၌ အားနည်းချက်များရှိခဲ့၍ ဂိုးမရခဲ့ခြင်းဖြစ်သည်။

ပွဲအပြီးတွင် ဗီယက်နမ်ကလပ် ဟိုချီမင်းစီးတီးအသင်းက ကိုးမှတ်ဖြင့် ပထမ၊ မြန်မာအသင်းက ခြောက်မှတ်ဖြင့် ဒုတိယရရှိခဲ့သည်။ ဟောင်ကောင်လက်ရွေးစင်အမျိုးသမီးအသင်းက တတိယနေရာရရှိသည်။ **(ဖိုးသော်ဇင်)**

ဗဟန်းမြို့နယ် အမက(၂၂) မူလတန်းကျောင်း၌ ဖွင့်လှစ်ထားသည့် မဲရုံအမှတ် (၁)တွင် မဲရေတွက်နေစဉ်။

**ဓာတ်ပုံ-ရဲခေါင်ညွန့်**





ရန်ကုန်တိုင်းဒေသကြီး ဒေါပုံမြို့နယ် သဘော်ကျင်းရပ်ကွက် မဲရုံများ၌ နိုဝင်ဘာ ၈ ရက် ညနေအချိန်တွင် ဆန္ဒမဲရေတွက်နေသည်ကို တွေ့ရစဉ်။

**ဓာတ်ပုံ-ဘအေး**

# ရန်ကုန်တိုင်းဒေသကြီးအတွင်းရှိ မဲဆန္ဒရှင်ပြည်သူများ ဆန္ဒမဲပေးနိုင်ရန် မဲရုံမဖွင့်မီ နံနက်အစောပိုင်းမှာပင် တန်းစီစောင့်ဆိုင်း

သတင်းစဉ်
(ရန်ကုန်သတင်းအဖွဲ့)

**ရန်ကုန် နိုဝင်ဘာ ၈**

ပြည်ထောင်စုသမ္မတမြန်မာနိုင်ငံတော် ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲကို ယနေ့ နံနက် ၆ နာရီမှ စတင်၍ နိုင်ငံတစ်ဝန်းရှိ သတ်မှတ်မဲဆန္ဒနယ်အသီးသီး၌ တစ်ပြိုင်တည်းကျင်းပရာ ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မဲဆန္ဒရှင်ပြည်သူ ၅ သန်းနီးပါး ဆန္ဒမဲပေးပိုင်ခွင့်ရှိကြောင်း သိရသည်။

ရန်ကုန်တိုင်းဒေသကြီးအတွင်း၌ မဲရုံပေါင်း ၅၄၉၅ ရုံဖွင့်လှစ်ထားရှိရာ မဲဆန္ဒရှင်ပြည်သူများသည် တစ်ခဲနက်ဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံစတင်ဖွင့်ချိန် နံနက် ၆ နာရီမတိုင်မီ နံနက်အစောပိုင်းမှာပင် မဲရုံအများစု၌ တန်းစီစောင့်ဆိုင်းခဲ့ကြသည်။

ထိုသို့မဲရုံအသီးသီးတွင် ပြည်သူများ တစ်ခဲနက်ဆန္ဒမဲပေးခဲ့ကြသည့်အတွက် ယခင်က လူစည်ကားရာ ရန်ကုန်မြို့တစ်ခွင်လုံးသည် ယနေ့လူသွား လူလာ၊ ယာဉ်သွားယာဉ်လာမှုများ ကင်းရှင်းလျက်ရှိကြောင်းတွေ့ရသည်။

ရန်ကုန်မြို့နေ ပြည်သူများအေးချမ်းစွာ ဆန္ဒမဲပေးနိုင်ရန် တိုင်းဒေသကြီးရဲတပ်ဖွဲ့၏အင်အား ရာခိုင်နှုန်းထက်ဝက်ကျော် ရဲတပ်ဖွဲ့ဝင် ၃၀၀၀ ကျော်နှင့် အထူးရဲ ၅၅၀၀ ခန့်တို့ဖြင့် လုံခြုံရေးဆောင်ရွက်ပေးလျက်ရှိသည်။

ရန်ကုန်တိုင်းဒေသကြီးဝန်ကြီးချုပ် ဦးမြင့်ဆွေသည် နံနက် ၉ နာရီတွင် သင်္ဃန်းကျွန်းမြို့နယ် သုဝဏ္ဏမြို့ ခရေမြိုင်လမ်းရှိ ဓမ္မမာမကဓမ္မာရုံတွင် ဖွင့်လှစ်ထားသည့် မဲရုံ အမှတ်(၁)သို့ လာရောက်ဆန္ဒမဲပေးခဲ့ကြောင်းသိရသည်။

နံနက် ၈ နာရီ မိနစ် ၅၀ တွင် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ် ပါတီဥက္ကဋ္ဌ ဒေါ်အောင်ဆန်းစုကြည် လာရောက်ဆန္ဒမဲပေးရာ ဗဟန်းမြို့နယ် ရွှေတောင်ကြား (၂)ရပ်ကွက်ရှိ အမှတ်(၃)အခြေခံပညာမူလတန်းလွန်ကျောင်း၌ ဖွင့်လှစ်ထားရှိသည့် မဲရုံအမှတ်(၂)နှင့် ပြည်သူ့လွှတ်တော် ကိုယ်စားလှယ်လောင်းအဖြစ် ဝင်ရောက်ယှဉ်ပြိုင်ရာ ကော့မှူးမဲဆန္ဒနယ်တို့မှာ ဥရောပသမဂ္ဂအထွေထွေရွေးကောက်ပွဲ လေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်များ၊ ပြည်တွင်း၊ ပြည်ပလေ့လာစောင့်ကြည့်ရေးအဖွဲ့ဝင်များနှင့် ပြည်တွင်း၊ ပြည်ပ သတင်းမီဒီယာများ၏ အထူးအာရုံစူးစိုက်ရာ မဲဆန္ဒနယ်များဖြစ်ခဲ့သည်။

**ရန်ကုန်အရှေ့ပိုင်းခရိုင်**

ရန်ကုန်အရှေ့ပိုင်းခရိုင်၌ သင်္ဃန်းကျွန်းမြို့နယ်၊ ရန်ကင်းမြို့နယ်၊ တောင်ဥက္ကလာပမြို့နယ်၊ မြောက်ဥက္ကလာပမြို့နယ်၊ သာကေတမြို့နယ်၊ ဒေါပုံမြို့နယ်၊ တာမွေမြို့နယ်၊ ပုဇွန်တောင်မြို့နယ်၊ ဗိုလ်တထောင်မြို့နယ်၊ မင်္ဂလာတောင်ညွန့်မြို့နယ်၊ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၊ ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(မြောက်ပိုင်း)မြို့နယ်၊ ဒဂုံမြို့သစ်(အရှေ့ပိုင်း)မြို့နယ် အပါအဝင် စုစုပေါင်း ၁၄ မြို့နယ်ရှိပြီး မဲရုံပေါင်း ၁၆၈၆ ရုံ ဖွင့်လှစ်ထားရှိရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ တစ်သန်းခွဲကျော်ခန့်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင် အရေအတွက်အများဆုံးမှာ မြောက်ဥက္ကလာပမြို့နယ်ဖြစ်ပြီး အနည်းဆုံးမှာ ပုဇွန်တောင်မြို့နယ်ဖြစ်ကြောင်း သိရသည်။

**ရန်ကုန်အနောက်ပိုင်းခရိုင်**

ရန်ကုန်အနောက်ပိုင်းခရိုင်တွင် ကမာရွတ်၊ ကျောက်တံတား၊ ကြည့်မြင်တိုင်၊ စမ်းချောင်း၊ ဆိပ်ကမ်း၊ ဒဂုံ၊ ပန်းဘဲတန်း၊ ဗဟန်း၊ မရမ်းကုန်း၊ လသာ၊ လမ်းမတော်၊ လှိုင်နှင့် အလုံမြို့နယ်များ အပါအဝင် စုစုပေါင်း ၁၃ မြို့နယ်ရှိပြီး မဲရုံပေါင်း ၅၄၉ ရုံ ဖွင့်လှစ်ထားရှိရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင်ပြည်သူ ခြောက်သိန်း ခုနစ်သောင်းကျော်ခန့်ရှိကြောင်းသိရသည်။

မဲဆန္ဒရှင် အများဆုံးဖြစ်သည့် မရမ်းကုန်းမြို့နယ်တွင် မဲရုံပေါင်း ၁၁၆ ရုံရှိပြီး မဲဆန္ဒရှင်အနည်းဆုံးဖြစ်သည့် ဆိပ်ကမ်းမြို့နယ်တွင် မဲရုံသုံးရုံသာရှိသည်။

မျက်မမြင်ကျောင်းများတည်ရှိရာ ကြည့်မြင်တိုင်၊ စမ်းချောင်းနှင့် မရမ်းကုန်းမြို့နယ်များတွင် မျက်မမြင် မဲဆန္ဒရှင်များအတွက် မျက်မမြင်သုံးသင်္ကေတဖြင့် ရိုက်နှိပ်ထားသည့် မဲလက်မှတ်များရရှိနိုင်မည့် မဲရုံသုံးရုံပါဝင်ကြောင်း သိရသည်။

အဆိုပါ မဲရုံများတွင် ဆန္ဒမဲပေးရမည့် မျက်မမြင်များအနေဖြင့် သာမန်မဲလက်မှတ်နှင့် မျက်မမြင်သုံးသင်္ကေတဖြင့် ရိုက်နှိပ်ထားသည့် မဲလက်မှတ်နှစ်မျိုးအနက် မိမိနှစ်သက်ရာ မဲလက်မှတ်အမျိုးအစားကို ရွေးချယ် မဲပေးနိုင်ကြောင်း သိရသည်။ မျက်မမြင် မဲဆန္ဒရှင်များသည် မျက်မမြင်သုံး သင်္ကေတပါ ဆန္ဒမဲလက်မှတ်ဖြင့် ပထမဆုံးအကြိမ် ကိုယ်တိုင်ဆန္ဒမဲပေးခဲ့ကြသည်။

**ရန်ကုန်တောင်ပိုင်းခရိုင်**

ရန်ကုန်တောင်ပိုင်းခရိုင်အတွင်း ကိုကိုးကျွန်း၊ သန်လျင်၊ကျောက်တန်း၊ သုံးခွ၊ ခရမ်း၊ တွံတေး၊ ကော့မှူး၊ ကွမ်းခြံကုန်း၊ ဒလနှင့် ဆိပ်ကြီးခနောင်တိုမြို့နယ် အပါအဝင် စုစုပေါင်း ၁၀ မြို့နယ်ရှိပြီး မဲရုံပေါင်း ၁၇၁၉ ရုံဖွင့်လှစ်ထားရှိရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် တစ်သန်းကျော်ရှိသည်။

သန်လျင်မြို့နယ်သည် မဲဆန္ဒရှင် ၁ သိန်း ၇ သောင်းကျော်ဖြင့် အများဆုံးဖြစ်ပြီး ကိုကိုးကျွန်းမြို့နယ်သည် မဲဆန္ဒရှင် ၁၅၇၃ ဦးဖြင့် အနည်းဆုံးဖြစ်ကြောင်း သိရသည်။

မဲဆန္ဒရှင်ပြည်သူများ အေးချမ်းလုံခြုံစွာ ဆန္ဒမဲပေးနိုင်ရေးအတွက် "မဲရုံပရဝဏ်အတွင်း အထူးရဲကို တစ်ယောက်နှုန်းချထားတယ်။ မဲရုံမှူးနှင့် လုံခြုံရေးအဖွဲ့တွေကို ကော်မရှင်ကဖွဲ့ထားပြီးသားရှိတယ်။ ပရဝဏ်အတွင်း အထူးရဲ ရပ်ကွက်အုပ်ချုပ်ရေးမှူးနဲ့ မီးသတ်ရှိတယ်။ အပြင်မှာ သက်ဆိုင်ရာနယ်မြေက ရဲကင်းရှိမယ်။ ပြီးတော့ ရပ်ကွက်က အထောက်အကူပြုအဖွဲ့တွေရှိမယ်။ အားလုံးက စည်း ငါးစည်းနဲ့ ဆောင်ရွက်ထားတယ်။ မဲရုံတွေကို များသောအားဖြင့် စာသင်ကျောင်းတွေမှာ လုပ်တာများပါတယ်။ သန်လျင်က စာသင်ကျောင်းတစ်ကျောင်းဆိုရင် မဲရုံလေးရုံ တစုတစည်းတည်း ရှိနေတာကြောင့် လုံခြုံရေးအနေနဲ့ လုံခြုံမှုရှိတယ်။ ဒီရက်ပိုင်းအတွင်းမှာလည်း လှည့်ကင်း/ ပတ်ကင်းတွေ ဆောင်ရွက်ထားတယ်"ဟု ရန်ကုန်တောင်ပိုင်းခရိုင် အထွေထွေအုပ်ချုပ်ရေးဦးစီးဌာန ခရိုင်အုပ်ချုပ်ရေးမှူး ဦးကျော်ဝင်းဦးက ဆိုသည်။

ရန်ကုန်တောင်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးမြတ်စိုးက "အခု ကြိုတင်မဲတွေ ဆောင်ရွက်တဲ့အခါမှာ ကျန်တဲ့သူတွေရှိတယ်။ သူတို့လျှောက်ထားပါလျက် နာမည်မပါရင် ကျွန်တော်တို့ ထပ်ပေးတယ်။ မဲပေးတဲ့အချိန်မှာ နာမည်မပါဘူးဆိုရင် ပုံစံ(၃)နဲ့ တင်ထားတာမှန်ရင် ချက်ချင်းအချိန်မီနောက်ဆက်တွဲ မဲစာရင်းဖြည့်ပြီး မဲပေးခွင့်ပေးတယ်။မဲဆန္ဒရှင်မနစ်နာအောင် နောက်ဆုံးအချိန်အထိ မဲပေးခွင့်ရအောင် ကျွန်တော်တို့က ဆောင်ရွက်ပေးထားတယ်။ မဲပေးတဲ့သူတွေ အပြည့်အဝ မဲပေးခွင့်ရအောင် ကြိုးစားဆောင်ရွက်ပေးနေပါတယ်။ လွတ်လပ်ပြီး တရားမျှတတဲ့ ရွေးကောက်ပွဲကြီးဖြစ်အောင် အတတ်နိုင်ဆုံး ကြိုးစားပြီးဆောင်ရွက်ပေးနေပါတယ်" ဟု ပြောသည်။

**ရန်ကုန်မြောက်ပိုင်းခရိုင်**

ရန်ကုန်မြောက်ပိုင်းခရိုင်တွင် လှိုင်သာယာ၊ လှည်းကူး၊ ထန်းတပင်၊ မှော်ဘီ၊ တိုက်ကြီး၊ အင်းစိန်၊ မင်္ဂလာဒုံနှင့် ရွှေပြည်သာအပါအဝင် စုစုပေါင်း ရှစ်မြို့နယ်ရှိပြီး မဲရုံ ၁၅၄၁ ရုံ ဖွင့်လှစ်ထားရှိရာ မဲပေးပိုင်ခွင့်ရှိသူ မဲဆန္ဒရှင် တစ်သန်း ခုနစ်သောင်းကျော်ရှိကြောင်း သိရသည်။

မဲဆန္ဒရှင်အများဆုံးမြို့နယ်မှာ လှိုင်သာယာဖြစ်ပြီး မဲဆန္ဒရှင် ၄၄၇၉၀၅ ဦးနှင့် မဲရုံအရေအတွက် ၅၆၃ ရုံရှိသည်။ မဲဆန္ဒရှင်အနည်းဆုံးမြို့နယ်မှာ ထန်းတပင်ဖြစ်ပြီး မဲဆန္ဒရှင် ၉၅၆၃၃ ဦးနှင့် မဲရုံအရေအတွက် ၁၀၄ ရုံရှိသည်။

ရန်ကုန်တိုင်းဒေသကြီး မြောက်ပိုင်းခရိုင် ရွေးကောက်ပွဲကော်မရှင်အဖွဲ့ခွဲ ဥက္ကဋ္ဌ ဦးအောင်ခိုင်က "မသန်စွမ်းသူတွေ မဲပေးမယ့် မဲရုံတွေမှာ ဗိုးချဲတွေ စီစဉ်ပေးထားတယ်။ သူတို့ ကိုယ်တိုင် တံဆိပ်တုံးထုပြီး မဲပေး၊ မဲထည့်နိုင်အောင် အဆင်ပြေမယ့် ထိုင်ခုံတွေ၊ စားပွဲတွေ စီစဉ်ပေးထားပါတယ်။ လုံခြုံရေးအနေနဲ့ကတော့ မဲရုံတစ်ရုံချင်းစီမှာ အထူးရဲ နှစ်ဦးစီနဲ့ ရပ်ကွက်တိုင်းမှာ ရဲတပ်စိတ် တစ်စိတ်စီ ချထားပေးပါတယ်။ ခရိုင်လုံခြုံရေးကော်မတီကနေ ကြီးကြပ်သွားမှာဖြစ်ပြီး အဲဒီကော်မတီမှာ ခရိုင်အုပ်ချုပ်ရေးမှူးက ဥက္ကဋ္ဌအဖြစ် တာဝန်ယူပြီး ခရိုင်ရဲမှူးက အတွင်းရေးမှူးအဖြစ်တာဝန်ယူထားပါတယ်"ဟုဆိုသည်။

"မဲရုံတွေမှာ မဲရေပြီးတာနဲ့ ရလဒ်ကို ထုတ်ပြန်ပေးသွားမှာပါ။ ရပ်ကွက်မဲရုံတွေက ရလဒ်တွေကို မြို့နယ်ကော်မရှင်ကိုပို့ပြီး ဘယ်သူနိုင်တယ်ဆိုတာ ရေတွက်သွားမှာပါ။ ဒီလုပ်ငန်းစဉ်မှာက တိုင်းဒေသကြီးတို့ ပြည်သူ့လွှတ်တော်တို့က အဖြေထွက်တာမြန်နိုင်ပေမယ့် မြို့နယ်တွေပေါင်းထားတဲ့ မဲဆန္ဒနယ်ဖြစ်တဲ့ အမျိုးသားလွှတ်တော်ကတော့ တွက်ချိန်ပိုကြာနိုင်ပါတယ်။ အပြီးသတ်အနိုင်အရှုံးကိုတော့ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင် ရလဒ်စိစစ်ရေးအဖွဲ့က တိုင်းဒေသကြီးနဲ့ ပြည်နယ်အားလုံး ရလဒ်တွေစုံမှ ထုတ်ပြန်ကြေညာပေးသွားမှာဖြစ်ပါတယ်"ဟု ၎င်းက ဆက်လက်ပြောကြားသည်။

ယနေ့ကျင်းပသည့် အထွေထွေရွေးကောက်ပွဲကို နိုင်ငံတကာသံရုံး ၃၂ ရုံးမှ လေ့လာသူ ၄၇၀၊ နိုင်ငံတကာရွေးကောက်ပွဲ စောင့်ကြည့်ရေးအဖွဲ့ ခြောက်ခုမှ ၄၆၅ ဦး၊ ဒီမိုကရေစီနှင့် ရွေးကောက်ပွဲလုပ်ငန်းစဉ်များအတွက် အကူအညီပေးနေသည့် နိုင်ငံတကာအဖွဲ့အစည်း ကိုးခုမှ ၁၈၃ ဦး အပါအဝင် စုစုပေါင်း ပြည်ပလေ့လာစောင့်ကြည့်သူ ၁၁၁၈ ဦး၊ ပြည်တွင်း ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့အစည်း ၁၃ ခုမှ ၉၄၀၆ ဦး၊ ပြည်ပသတင်းမီဒီယာ ၄၅ ဖွဲ့မှ ၂၉၁ ဦးတို့အား ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူ သက်သေခံကတ်ပြားများ ထုတ်ပေးခဲ့ပြီးဖြစ်ကြောင်း သိရသည်။

ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်သည် ရွေးကောက်ပွဲရလဒ်များအား ကြေညာရာတွင် ပြည်သူအများ သိရှိမြင်သာစေရန်အတွက် နေပြည်တော်ရှိ ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်ရုံးနှင့် ရန်ကုန်မြို့ ရွှေလီလမ်းရှိ ရွေးကောက်ပွဲကော်မရှင် သတင်းအချက်အလက်ဌာနတို့၌ မီဒီယာစင်တာနှစ်ခုကို ဖွင့်လှစ်ထားရှိလျက်ရှိကြောင်း သိရသည်။

ရန်ကုန်မြို့ရှိ မီဒီယာစင်တာကို ယနေ့မှ နိုဝင်ဘာ ၁၂ ရက်အထိ နံနက် ၈ နာရီမှ ည ၈ နာရီအတွင်း ဖွင့်လှစ်ထားရှိပြီး မီဒီယာများအနေဖြင့် သက်ဆိုင်ရာ ကိုယ်စားလှယ်သတင်းသမားများမှတစ်ဆင့် သတင်းရယူနိုင်ကြောင်း ပြည်ထောင်စုရွေးကောက်ပွဲကော်မရှင်က သတင်းထုတ်ပြန်ထားသည်။



ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(တောင်ပိုင်း)မြို့နယ်။
(ဓာတ်ပုံ-ခင်မောင်ဝင်း)



ရန်ကုန်အရှေ့ပိုင်းခရိုင် ပုဇွန်တောင်မြို့နယ်။
(ဓာတ်ပုံ-ဇာဏီလင်း)



ရန်ကုန်အနောက်ပိုင်းခရိုင် ပန်းဘဲတန်းမြို့နယ်။
(ဓာတ်ပုံ-ရဲထွဋ်)



ရန်ကုန်အရှေ့ပိုင်းခရိုင် သင်္ဃန်းကျွန်းမြို့နယ်။
(ဓာတ်ပုံ-လှမိုး)



ရန်ကုန်မြောက်ပိုင်းခရိုင် အင်းစိန်မြို့နယ်။
(ဓာတ်ပုံ-လှမိုး)

# ၂၀၁၅ ခုနှစ် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲ တစ်နိုင်ငံလုံး တစ်ပြိုင်နက်တည်း ကျင်းပ



လွိုင်လင်မြို့နယ်။ ခရိုင်(ပြန်/ဆက်)



မိုင်းဆတ်မြို့နယ်။ ခရိုင်(ပြန်/ဆက်)



ညောင်ဦးမြို့နယ်။ ရဲသူရအောင်(ညောင်ဦး)



ညောင်တုန်းမြို့နယ်။ ထွန်းကျော်(ညောင်တုန်း)



ကော့သောင်းမြို့နယ်။ ကျော်စိုး(ပြန်/ဆက်)



မူဆယ်မြို့နယ်။ သိန်းဇော်(ရွှေလီဦး)



နမ့်စန်မြို့နယ်။ သူရအောင်(ပြန်/ဆက်)



လားရှိုးမြို့နယ်။ ဟန်ငွေ(လားရှိုး)



တောင်ကြီးမြို့နယ်။ သန်းဝေ(တောင်ကြီး)



သီပေါမြို့နယ်။ စိုး(သီပေါ)

# တပ်ကုန်းမြို့တွင် လွတ်လပ်စွာ ဆန္ဒမဲပေး ရွေးကောက်ပွဲတည်ငြိမ်အေးချမ်းစွာပြီးစီးရန် ပြည်သူများလိုလား



နေပြည်တော် ဇေယျာသီရိမြို့နယ် ခေတ်အေးကျေးရွာရှိ မဲရုံတွင် နိုဝင်ဘာ ၈ ရက် ညနေ ၄ နာရီမှ စတင်၍ ဆန္ဒမဲလက်မှတ်များကို သက်ဆိုင်ရာ ပါတီအလိုက် မဲရုံကိုယ်စားလှယ်များနှင့် အများပြည်သူရှေ့တွင် ပွင့်လင်းမြင်သာမှုရှိစွာ ရေတွက်နေစဉ်။
(ဓာတ်ပုံ-အေဝမ်းစိုး)

**တပ်ကုန်း နိုဝင်ဘာ ၈**

နေပြည်တော်ကောင်စီနယ်မြေ တပ်ကုန်းမြို့၌ နိုဝင်ဘာ ၈ ရက်က ကျင်းပသည့် ပါတီစုံဒီမိုကရေစီ အထွေထွေရွေးကောက်ပွဲတွင် ဆန္ဒမဲပေးပိုင်ခွင့်ရှိသည့် မဲဆန္ဒရှင်ပြည်သူများသည် သက်ဆိုင်ရာနယ်မြေအလိုက် မဲရုံအသီးသီးတွင် လွတ်လွတ်လပ်လပ်ဖြင့် တည်ငြိမ်အေးချမ်းစွာ ဆန္ဒမဲပေးခဲ့ကြသည်။

"အဘကတော့ မျှမျှတတနဲ့ အေးအေးချမ်းချမ်းပြီးဆုံးသွားဖို့ပဲ မျှော်လင့်ပါတယ်။ တိုင်းပြည်ကိုလည်း ဖွံ့ဖြိုးတိုးတက်စေချင်ပါတယ်" ဟု တပ်ကုန်းမြို့ အောင်ဇေယျရပ်ကွက်မှ အသက်(၇၅)နှစ်ရှိ ဦးအုန်းဖေက ဆန္ဒမဲပေးအပြီးတွင် ပြောကြားသည်။

"အဒေါ်တို့ တစ်အိမ်လုံး ဆန္ဒမဲပေးခဲ့ကြပါတယ်။ အဒေါ်တို့ကတော့ အသက်ကြီးပြီဆိုတော့ ဘာမှသိပ်မမျှော်လင့်ပါဘူး။ ရွေးကောက်ပွဲကို တည်တည်ငြိမ်ငြိမ်ပဲ ပြီးဆုံးစေချင်ပါတယ်" ဟု ဘုရင့်နောင်ရပ်ကွက်မှ အသက်(၇၀) ရှိ ဒေါ်စိန်စိန်က ပြောကြားသည်။

"အမေကတော့ ဒီမဲရုံကိုရောက်ဖို့ လမ်းမှာ နှစ်ခါလောက် နားခဲ့ရတယ်။ အသက်ကြီးနေပေမယ့် ဒီနေ့ဒီရက်မှာ ကိုယ်တိုင်ကိုယ်ကျ မဲပေးချင်လို့ အခုလို လာခဲ့ရတာပါ။ ဘယ်အစိုးရတက်တက် ကောင်းမွန်တဲ့အစိုးရဖြစ်ဖို့ပဲ လိုပါတယ်။ ရွေးကောက်ပွဲကိုလည်း အေးအေးဆေးဆေးပြီးသွားစေချင်တာပါပဲကွယ်"ဟု ဆရာစံရပ်ကွက်မှ အသက် (၇၀) ဒေါ်ပျှို့အေးက ပြောကြားသည်။

လူငယ်မဲဆန္ဒရှင်များဖြစ်သည့် အသက်(၂၀)ရှိ မမိုးမိုးမြင့်အောင်နှင့် အသက် (၂၆)နှစ်ရှိ မစန္ဒာမိုးတို့ကလည်း ရွေးကောက်ပွဲကို တည်ငြိမ်အေးချမ်းစွာ ပြီးဆုံးသွားစေလိုကြောင်း ပြောကြားကြသည်။



တပ်ကုန်းမြို့ ဆရာစံရပ်ကွက်ရှိ မဲရုံတွင် မဲဆန္ဒရှင်ပြည်သူများ နိုဝင်ဘာ ၈ ရက်က မဲပေးနေစဉ်။
(ဓာတ်ပုံ- ကိုမင်း)

"မဲလာပေးကြတဲ့လူတွေက မဲပေးပုံပေးနည်းကို သိပ်နားမလည်ကြဘူးဗျ။ တံဆိပ်တုံးကို နှစ်ခါထုတဲ့လူကထု၊ ဘယ်နေရာ ဘယ်ကိုယ်စားလှယ်လောင်းကို တံဆိပ်ရိုက် မဲပေးရမယ်ဆိုတာလည်း တချို့က မသိကြဘူး။ ခင်ဗျားတို့ ကြိုက်တဲ့အကွက်သာ တံဆိပ်ရိုက်ပြီးပေးကြပါလို့ပဲ ပြောနိုင်တော့တယ်။ မနက်ပိုင်းကတော့ မဲပေးသူများတော့ တန်းစီနေတဲ့လူတွေက အများကြီးပဲဗျ။ ကျွန်တော်တို့မဲရုံမှာကတော့ ဘာပြဿနာမှ ကြီးကြီးမားမား မရှိပါဘူး။ အားလုံးအေးအေးဆေးဆေးပါပဲ"ဟု မြဝတီရပ်ကွက်မှ မဲရုံကိုယ်စားလှယ်တစ်ဦးဖြစ်သည့် ဦးတင့်ဆွေက ပြောကြားသည်။

တပ်ကုန်းမြို့ရှိ မဲရုံများသို့ ရွေးကောက်ပွဲစောင့်ကြည့်လေ့လာရေးအဖွဲ့များဖြစ်သည့် ဖန်တီးအိမ်အဖွဲ့နှင့် National Youth Congress (NYC) အဖွဲ့တို့ လာရောက်လေ့လာစောင့်ကြည့်ခဲ့ကြသည်။

တပ်ကုန်းမြို့နယ် ပြည်သူ့လွှတ်တော်ကိုယ်စားလှယ် နေရာအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးမောင်ဦး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးကျော်တင့်၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးသန်း၊ တစ်သီးပုဂ္ဂလကိုယ်စားလှယ်များအဖြစ် ဦးမောင်လှတင့်နှင့် ဦးမြင့်ရွှေတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။

အမျိုးသားလွှတ်တော်ကိုယ်စားလှယ် နေရာအတွက် ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီမှ ဦးခင်မောင်ဌေး၊ အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်မှ ဦးမောင်မောင်ဆွေ၊ တိုင်းရင်းသားစည်းလုံးညီညွတ်ရေးပါတီမှ ဦးမြင့်ဦးနှင့် တစ်သီးပုဂ္ဂလကိုယ်စားလှယ်အဖြစ် ဦးသန်းဌေးတို့ ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ **(အေဝမ်းစိုး)**

## ❂ နေပြည်တော်မှ

ဒက္ခိဏသီရိခရိုင်အတွင်းမြို့များရှိ မဲရုံများတွင် ပြည်သူများသည် မိုးမလင်းမီကပင် ဆန္ဒမဲပေးရန်ရောက်ရှိနေကြပြီး မဲရုံတာဝန်ရှိသူများက မဲရုံဖွင့်လှစ်ကြောင်း ကြေညာလိုက်သည်နှင့် ဆန္ဒမဲလက်မှတ်များကို စနစ်တကျ ထုတ်ယူကြပြီး လွတ်လပ်စွာ ဆန္ဒမဲစတင်ပေးကြသည်။

မဲဆန္ဒရှင်ပြည်သူများလွတ်လပ်စွာဆန္ဒမဲပေးနိုင်ရေးအတွက် မဲရုံမှူး၊ ဒုတိယမဲရုံမှူး၊ မဲစာရင်းစစ်ဆေးသူ၊ မဲလက်မှတ်ထုတ်ပေးသူနှင့် တာဝန်ရှိသူများက စနစ်တကျ စီစဉ်ဆောင်ရွက်ပေးကြသည်။

ဒက္ခိဏသီရိခရိုင်နှင့် မြို့နယ်များမှ ရွေးကောက်ပွဲကော်မရှင်တာဝန်ရှိသူများက မြို့နယ်များအတွင်းရှိ မဲရုံများသို့လိုက်လံကြည့်ရှုပြီး လိုအပ်သည့် ပံ့ပိုးမှုများဆောင်ရွက်ပေးကြသည်။

ညနေ ၄ နာရီ မဲရုံပိတ်ချိန်ဖြစ်သော်လည်း မဲရုံပရဝဏ်အတွင်းသို့ ရောက်ရှိနေကြသည့် မဲဆန္ဒရှင်များ၏ နိုင်ငံသားအခွင့်အရေး မဆုံးရှုံးစေရေးအတွက် မဲရုံမှူးနှင့် တာဝန်ရှိသူများက ဆန္ဒမဲပေးနိုင်ရန် ဆောင်ရွက်ပေးကြပြီး မဲဆန္ဒရှင်များ ဆန္ဒမဲပေးမှုကုန်ဆုံးချိန်တွင် မဲရုံမှူးနှင့် မဲရုံတာဝန်ရှိသူများက လွှတ်တော်ကိုယ်စားလှယ်လောင်းများ၏ ကိုယ်စားလှယ်များ၊ မဲဆန္ဒရှင်များ၊ လေ့လာသူများရှေ့တွင် မဲစာရင်းများကို ရေတွက်ခဲ့ကြသည်။

ဒက္ခိဏခရိုင်အတွင်း၌ မဲရုံ ၂၇၃ ရုံဖွင့်လှစ်ထားပြီး ဆန္ဒမဲပေးပိုင်ခွင့်ရှိသူဦးရေ ၄၀၀၇၉၆ ဦးရှိကြောင်း သိရသည်။

**(သတင်းစဉ်)**



နေပြည်တော်ကောင်စီနယ်မြေ ဇေယျာသီရိမြို့နယ် ခေတ်အေးအုပ်စု စက်ကုန်းကျေးရွာရှိ မဲရုံအမှတ်(၄)၌ ဆန္ဒမဲပေးရန် စောင့်ဆိုင်းနေသူများကို တွေ့ရစဉ်။
(ဓာတ်ပုံ- ရာမည)

# ၂၀၁၅ အထွေထွေရွေးကောက်ပွဲ အများပြည်သူနှင့် နိုင်ငံတကာမှ အထူးစိတ်ဝင်စား

**ရန်ကုန် နိုဝင်ဘာ ၈**

ယနေ့ ကျင်းပသည့် ၂၀၁၅ အထွေထွေရွေးကောက်ပွဲကြီးတွင် နံနက် ၆ နာရီ မဲရုံမဖွင့်မီအချိန်ကပင် မဲပေးရန်အတွက် နံနက်စောစော ကြိုတင်လာရောက်စောင့်ဆိုင်းသူများ အထူးများပြားခဲ့ကြောင်း သိရသည်။

ယခင် ကျင်းပခဲ့သော ရွေးကောက်ပွဲများထက် ယခု ၂၀၁၅ အထွေထွေရွေးကောက်ပွဲကို အများပြည်သူက စိတ်ပါဝင်စားစွာ တက်တက်ကြွကြွ ပါဝင်မဲပေးခဲ့ကြပြီး ကုလသမဂ္ဂ၊ ဥရောပသမဂ္ဂ၊ နိုင်ငံတကာအဖွဲ့အစည်းများ၊ မီဒီယာများအပါအဝင် နိုင်ငံတကာမှလည်း အထူးစိတ်ဝင်တစား စောင့်ကြည့်လေ့လာမှုများ ပြုလုပ်ခဲ့ကြသည်ဟု သိရသည်။

"မနက် ၄ နာရီကျော်လောက်ကတည်းက ထတန်းစီနေတာ။ ဒါတောင် ရှေ့မှာ လူတွေရှိနေသေးတယ်။ မဲပေးတဲ့အချိန်က သိပ်မကြာပေမယ့် တန်းစီရတဲ့အချိန်ကကြာတယ်။ မဲပေးတာ ဘယ်လောက်မှမကြာလိုက်ဘူး။ မြန်မြန်ဆန်ဆန်လေး မဲလက်မှတ်ထုတ်နိုင်ရင် ပိုကောင်းမယ်။ မဲဆန္ဒရှင် သက်သေခံလက်မှတ်ထုတ်ထားသူတွေအတွက်တော့ ပိုလွယ်ကူခဲ့ပါတယ်"ဟု တာမွေမြို့နယ် ပုသိမ်ညွန့်ရပ်ကွက်တွင် နေထိုင်သူတစ်ဦးက မဲပေးခဲ့သည့် အတွေ့အကြုံကိုရှင်းပြသည်။

ယနေ့ မဲပေးမှုများတွင် အခက်အခဲမရှိ အဆင်ပြေမှုများရှိသလို အချို့မှာလည်း နောက်ဆုံးစာရင်းတွင် မဲစာရင်းမပါမှုများ၊ မဲသက်သေခံလက်မှတ်ကြိုတင်ထုတ်ထားခြင်းမရှိသည့်အတွက် မိမိမဲပေးရမည့်မဲရုံနေရာကို မသိရှိခြင်းကြောင့် အချိန်ကြန့်ကြာမှုများရှိခဲ့သည်ဟု သိရသည်။

"အဘတို့အိမ်က သုံးဦးလုံး မဲပေးဖို့ စာရင်းပါပါတယ်။ ဘယ် မဲရုံလည်းတော့မသိဘူး။ အဘ ဟိုမဲရုံသွားလိုက်၊ ဒီမဲရုံသွားလိုက်နဲ့ စာရင်းပါပေမယ့် ဘယ်မဲရုံမှန်း မသိသေးဘူး။ ဟိုသွားဒီသွား သွားရတာလည်း မောလှပြီ။ ဒါပေမယ့် မဲပေးမှာကိုဖြစ်မယ်။ ရပ်ကွက်ကော်မရှင်ရုံးမှာပဲ သွားမေးကြည့်တော့မယ်"ဟု တောင်ဥက္ကလာပမြို့နယ် (၉) ရပ်ကွက်တွင် နေထိုင်သူ အသက်(၇၀) ခန့်ရှိ ဦးလှရွှေက ပြောသည်။

၂၀၁၅ ပါတီစုံ အထွေထွေရွေးကောက်ပွဲကြီးတွင် ပါတီပေါင်း ၉၂ ပါတီမှ ကိုယ်စားလှယ်လောင်းပေါင်း ၆၀၇၄ ဦး ဝင်ရောက်ယှဉ်ပြိုင်ခဲ့ပြီး ပြည်ထောင်စုကြံ့ခိုင်ရေးနှင့် ဖွံ့ဖြိုးရေးပါတီနှင့် အမျိုးသားဒီမိုကရေစီအဖွဲ့ချုပ်ပါတီတို့မှ ကိုယ်စားလှယ်ဦးရေ အများဆုံးဖြင့် ဝင်ရောက်ယှဉ်ပြိုင်ခဲ့ကြသည်။ ကိုယ်စားလှယ်လောင်းစာရင်းတွင် တစ်သီးပုဂ္ဂလကိုယ်စားလှယ်ဦးရေ ၃၂၅ ဦးပါဝင်ကြောင်း သိရသည်။

ယနေ့ ကျင်းပသည့် ရွေးကောက်ပွဲတွင် မြန်မာတစ်နိုင်ငံလုံး၌ မဲရုံပေါင်း ခန့်မှန်း ၄၆၀၀ ကျော်ရှိမည်ဟုသိရပြီး ရွေးကောက်ပွဲစောင့်ကြည့်လေ့လာသူများအနေဖြင့် ပြည်တွင်းပြည်ပအပါအဝင် တစ်သောင်းကျော်ခန့် လာရောက်စောင့်ကြည့်လေ့လာခဲ့ကာ နိုင်ငံတကာသတင်းဌာနများ၊ သတင်းထောက်များ အထူးစိတ်ဝင်တစား လာရောက်သတင်းယူခဲ့ကြကြောင်း သိရသည်။

**(ဆုနှင်းလှဲ့)**

# ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ပြည်သူများလာရောက်ဆန္ဒပြုမဲပေး

**ရန်ကုန် နိုဝင်ဘာ ၈**

နိုဝင်ဘာ ၈ ရက်က ပါတီစုံအထွေထွေရွေးကောက်ပွဲအတွက် ပြည်သူများလာရောက်၍ ဆန္ဒပြုမဲပေးကြရာ ရန်ကုန်အရှေ့ပိုင်းခရိုင် ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ် ယုဇနဉယျာဉ်မြို့တော် (၉၄)ရပ်ကွက် အထက(၂) ကျောင်းခန်းမ၌ လျှို့ဝှက်ဆန္ဒပြုမဲရုံပေါင်း ၂၅ ရုံရှိရာ မဲရုံအမှတ် (၂၀)တွင် ပြည်သူများလာရောက်၍ ဆန္ဒပြုမဲပေးကြသည်။ ဒဂုံမြို့သစ်(ဆိပ်ကမ်း)မြို့နယ်၌ ရပ်ကွက် ၁၄ ရပ်ကွက်နှင့် ကျေးရွာ လေးရွာရှိရာ စုစုပေါင်း ဆန္ဒပြုမဲရုံ ၉၈ ရုံရှိကြောင်း သိရသည်။

**(၅၁၂)**

ကြေးမုံ








## နစ္စတယ်ရိုင်းရဲ့ စံချိန်ကို လိုက်မီခဲ့တဲ့ ဗာဒီ

လက်စတာက ဝက်ဖို့ဒ်ကိုနှစ်ဂိုး-တစ်ဂိုးနဲ့ အနိုင်ရရှိခဲ့တဲ့ ပရီမီယာလိဂ်ပွဲစဉ်(၁၂)မှာ တိုက်စစ်မှူးဗာဒီက လက်စတာအတွက် သွင်းဂိုးတစ်ဂိုးကို ပင်နယ်တီမှတ်ဆင့်သွင်းယူနိုင်ခဲ့ပြီးနောက်မှာ အရင် မန်ယူတိုက်စစ်မှူး နစ္စတယ်ရိုင်းရဲ့ ကိုးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ စံချိန်တစ်ခုကို လိုက်မီနိုင်ခဲ့ပါတယ်။ အရင်က မထင်မရှားကစားသမားလေးဗာဒီဟာ လက်စတာမှာပြသနေတဲ့ သူ့ရဲ့ပုံစံကောင်းကြောင့် အခုဆို အင်္ဂလန်တိုက်စစ်မှာတောင် နေရာပေးခံနေရပါပြီ။ ဗာဒီက အင်္ဂလန်တောင်ပံတိုက်စစ်နေရာမှာ ကစားနေရတဲ့အတွက် ဗဟိုတိုက်စစ်နေရာမှာကစားရင်သူ့အတွက် ပိုသင့်တော်တယ်လို့တောင်းဆိုခဲ့တာကြောင့် နည်းပြဟော့ဆန်ရဲ့ သတိပေးမှုခံခဲ့ရသူပါ။

နစ္စတယ်ရိုင်းဟာ ၂၀၀၃ခုနှစ် မတ်လနဲ့ ဩဂုတ်လအကြားမှာ အခုလို ကိုးပွဲဆက်ဂိုးသွင်းယူနိုင်ခဲ့တဲ့ မှတ်တမ်းကောင်းကို ရရှိခဲ့တာပါ။ ဒါကြောင့် နစ္စတယ်ရိုင်းရဲ့ (၁၂)နှစ်ကြာတင်ထားနိုင်ခဲ့တဲ့ စံချိန်ကို ဗာဒီအနေနဲ့ လိုက်မီနိုင်ခဲ့တာက အင်္ဂလန်အားကစားလောကအတွက် ဂုဏ်ယူစရာတစ်ခုဖြစ်နေမှာပါ။ ဗာဒီဟာ ပရီမီယာလိဂ်ဂိုးသွင်းအများဆုံးကစားသမားနေရာမှာ သွင်းဂိုး ၁၂ ဂိုးနဲ့ ထိပ်ဆုံးကရပ်တည်နေတဲ့အတွက် သူ့ကို အင်္ဂလန်ပရိသတ်တွေက ခေတ်သစ်မိုက်ကယ်အိုဝင်လို့လည်း တင်စားလာကြပါတယ်။

မေလဲ့သင်း - ရေးသားသည်

# အရှုံးစံချိန်သစ်ရရှိခဲ့တဲ့မော်ရင်ဟိုနဲ့ ချယ်လ်ဆီးရဲ့လားရာ





ပရီမီယာလိဂ်ပွဲစဉ်(၁၂)မှာ မော်ရင်ဟိုရဲ့ ချယ်လ်ဆီးက စတုတ်စီးတီးကို တစ်ဂိုး-ဂိုးမရှိနဲ့ ထပ်ပြီးအရေးနိမ့်ခဲ့တဲ့အတွက် ချယ်လ်ဆီးကအခုဆို အမှတ်ပေးဇယားအဆင့်(၁၆)နေရာကိုရောက်ရှိသွားပါပြီ။ မော်ရင်ဟိုအနေနဲ့ ပွဲပယ်ပြစ်ဒဏ်ကြောင့် အခုပွဲကို လာရောက်မကြီးကြပ်နိုင်ပေမယ့် ချယ်လ်ဆီးရဲ့အရှုံးကြောင့် ဖိအားတွေတော့ နှစ်ဆတိုးသွားမှာပါ။ မော်ရင်ဟိုက ပွဲကိုကြီးကြပ်ခွင့်မရခဲ့ပေမယ့် လက်ထောက်နည်းပြစတိဗ်ဟောလန်းနဲ့ ဖာရာရီတို့ကို ဆက်သွယ်ပြီးညွှန်ကြားမှုပြုခဲ့တာကြောင့် ဒါဟာ စည်းမျဉ်းကို ချိုးဖောက်ရာရောက်သလားဆိုတာ အက်ဖ်အေက မကြာခင်အဆုံးအဖြတ်ပေးသွားမှာပါ။သူက ဘရစ္စတဲနီးယားကွင်းအနီးမှာရှိတဲ့ဟိုတယ်ကနေပြီး ဒီပွဲစဉ်ကိုရုပ်မြင်သံကြားကကြည့်ရှုကာ ညွှန်ကြားချက်ပေးနေခဲ့တာပါ။ ဒါ့ကြောင့် မော်ရင်ဟိုက အမှုတစ်ခုမပြီးသေးဘဲ နောက်တစ်ခုထပ်တိုးလာပြန်ပြီလား ဆိုတာ စဉ်းစားရမှာပါ။

မော်ရင်ဟိုက အရင်က ဘယ်လိဂ်မှာနည်းပြအဖြစ်ဆောင်ရွက်ခဲ့ဆောင်ရွက်ခဲ့ တစ်ရာသီလုံးမှာတောင် ခြောက်ပွဲထက်ပိုပြီး မရှုံးနိမ့်ဖူးတာကြောင့် အခုလိုခုနစ်ပွဲမြောက်ရှုံးနိမ့်ခဲ့ရခြင်းက သူ့အတွက် ဆိုးရွားတဲ့ မှတ်တမ်းသစ်တစ်ခုကို ရရှိခဲ့တာလည်း ဖြစ်ပါတယ်။

မော်ရင်ဟိုအနေနဲ့ ဘယ်လိုပဲရှုံးပွဲကြုံကြုံ ချယ်လ်ဆီးအသင်းသားတွေကသူ့အနောက်မှာရှိနေတယ်လို့ ဂိုးသမားဘီကိုဗစ်ချ်က ဆိုခဲ့ပေမယ့် တကယ်တမ်းဒီလောက်ရှုံးပွဲကြုံနေတဲ့ နည်းပြတစ်ဦးကို ဘယ်လိုအသင်းပိုင်ရှင်ကမှ အသင်းမှာ ဆက်ပြီးထားဖို့ဆိုတာမလွယ်ကူတော့ပါဘူး။ ချယ်လ်ဆီးဟာ မနှစ်ကဘောလုံး ရာသီမှာ ၁၂ ပွဲ

> မော်ရင်ဟိုက အရင်က ဘယ်လိဂ်မှာနည်းပြအဖြစ်ဆောင်ရွက်ခဲ့ဆောင်ရွက်ခဲ့ တစ်ရာသီလုံးမှာတောင် ခြောက်ပွဲထက်ပိုပြီး မရှုံးနိမ့်ဖူးတာကြောင့် အခုလိုခုနစ်ပွဲမြောက်ရှုံးနိမ့်ခဲ့ရခြင်းက သူ့အတွက် ဆိုးရွားတဲ့ မှတ်တမ်းသစ်တစ်ခုကိုရရှိခဲ့တာလည်း ဖြစ်ပါတယ်။

ကစားပြီး သွင်းဂိုး ၃၀ ထိသွင်းယူထားနိုင်ခဲ့ပေမယ့် ဒီနှစ်မှာတော့ မနှစ်ကရလဒ်ကိုပြောင်းပြန်အချိုးကျကာ ဇယားအောက်ခြေနားအထိရောက်ရှိနေတာကတော့ ပရိသတ်တွေအတွက် စိတ်မသက်မသာအနေအထားပါ။ဒါပေမယ့်လည်း ဒီလောက် ရလဒ်ဆိုးထဲက ရုန်းထွက်ဖို့ဆိုတာ အခုအခြေ အနေနဲ့ မလွယ်လောက်တော့တာမို့ နည်းပြအပြောင်းအလဲလုပ်ဖို့အပြင် ချယ်လ်ဆီးမှာ အခြားရွေးချယ် စရာမရှိတော့ပါဘူး။

ချယ်လ်ဆီးနည်းပြသစ်အဖြစ် အန်စလော့တီနဲ့ ဂူဟာစ်ဒင့်တို့ နှစ်ဦး ထိပ်ဆုံးမှာရေပန်းစား နေပေမယ့်လည်း အခုထိရိုမန်အေဗရာမိုဗစ်ချ်က နည်းပြသစ်ရှာဖို့ မီးစိမ်းမပြသေးတာကြောင့် ဘယ်သူဘယ်ဝါဆိုတာ အတိအကျ အဖြေထုတ်ဖို့ခက်ပါတယ်။ ချယ်လ်ဆီးကစား သမားဟောင်းလမ်းပတ်က အခုကလပ်အသင်းရဲ့ပြဿနာက ရှုံးတယ်ဆိုတာထက်ပိုပြီး နက်နဲနေတာကြောင့် အဖြေထုတ်ဖို့ခက်ခဲနေတယ်လို့ သူ့အမြင်ကို ပြောကြားထားပါတယ်။ ဒါ့အပြင် မော်ရင်ဟိုကို ယူရိုသန်း ၅၀နဲ့ မိုနာကိုက ခေါ်ယူတာကို ငြင်းပယ်ခဲ့တဲ့ မိုဗစ်ချ်ရဲ့ ဆုံးဖြတ်ချက်က အံ့ဩစရာပါ။ ကစားသမားကောင်းတွေ အများကြီးရှိနေရက်နဲ့ ရှုံးပွဲဆက်နေတဲ့ အနေအထားကို ပြင်ချင်တယ်ဆို နည်းပြအပြောင်းအလဲလုပ်ဖို့ကလွဲပြီး . . . ။

❑ ❑ ❑

# ခေါ်ယူထားသည့် စိတ်တိုင်းကျ ကစားသမားများဖြင့် ယူရိုပြိုင်ပွဲဝင်ရန်အသင့်ရှိဟု ရှိုင်းဟော့ဆန်ကြွေးကြော်

အင်္ဂလန်နည်းပြရှိုင်းဟော့ဆန်က ချစ်ကြည်ရေးခြေစမ်းပွဲများအတွက် ၎င်းရွေးချယ်ထားသည့်ကစားသမား ၂၃ ဦးစာရင်းမှာ ယူရိုဖလားပြိုင်ပွဲဝင်ရန်အသင့်အနေအထားရှိသော ဒေါင်ဒေါင်မြည်ကစားသမားများဖြစ်သည်ဟု ဂုဏ်ယူဝင့်ကြွားစွာဆိုလိုက်သည်။ ရှိုင်းဟော့ဆန်က "ကျွန်တော့်မှာ ယူရိုပြိုင်ပွဲဝင်ဖို့ ဒေါင်ဒေါင်မြည်ကစားသမား ၂၃ ဦးရှိပါတယ်။ ပြင်သစ်သွားဖို့အသင့်ပဲ" ဟု ဆိုခဲ့ခြင်းကြောင့် စတားရစ်ချ်နှင့် ဝဲလ်ဘတ်တို့အနေဖြင့် လာမည့် ၂၀၁၆ ခုနှစ် ဇွန် ၁၀ ရက်တွင်စတင်ကျင်းပမည့် ယူရို ဖလားပြိုင်ပွဲအတွက် အင်္ဂလန်လူစာရင်းတွင် ပါဝင်ခွင့်ရ နိုင်တော့မည်မဟုတ်ဟု သတိပေးစကားပြောကြားရာ ရောက်ကြောင်း ဘီဘီစီသတင်းဌာနကဖော်ပြသည်။



စတားရစ်ချ်မှာ ၂၀၁၄ ကမ္ဘာ့ဖလားပြိုင်ပွဲတွင် အင်္ဂလန်အတွက် ပွဲစဉ်တိုင်းဝင်ရောက်ကစားခွင့်ရခဲ့သော်လည်း ပေါင်နှင့်ဒူးဒဏ်ရာတို့ကြောင့် ၂၀၁၆ ယူရိုခြေစစ်ပွဲများတွင် ပါဝင်ခွင့်မရခဲ့ပေ။ ထို့နည်းတူပင် ဝဲလ်ဘတ်မှာလည်း ဒူးဒဏ်ရာကြောင့် ကာလကြာရှည်စွာ အနားယူနေရပြီး ဒဏ်ရာပြန်လည်သက်သာလာလျှင်လည်း တိုက်စစ်အင်အား ကောင်းမွန်နေသည့် အင်္ဂလန်တွင် နေရာရရန် မလွယ်ကူသောအနေအထားသို့ ရောက်ရှိနေသည်။

ဟော့ဆန်ကမူ အဆိုပါ အင်္ဂလန်ကစားသမားနှစ်ဦးအနေဖြင့် ကြံ့ခိုင်မှုပြည့်ဝပြီး ခြေစွမ်းမှန်ပြသနိုင်လျှင် အင်္ဂလန်လက်ရွေးစင်အသင်းက အမြဲတမ်းတံခါးဖွင့်လှစ်ထားဆဲဖြစ်ကြောင်းဆိုခဲ့သည်။ ၎င်းတို့နှစ်ဦး ဒဏ်ရာရရှိနေချိန်တွင် လက်စတာတိုက်စစ်မှူး ဗာဒီကလည်း တိုက်တိုက်ဆိုင်ဆိုင်ခြေစွမ်းပြနေသောကြောင့် ရှိုင်းဟော့ဆန်အနေဖြင့် တိုက်စစ်ရွေးချယ်မှုတွင် ခေါင်းခဲစရာအခြေအနေကိုရှောင်လွှဲနိုင်ခဲ့သည်။

ယူရိုဖလားချန်ပီယံအဖြစ်မျှော်မှန်းနေသော အင်္ဂလန်အသင်းမှာ လာမည့် နိုဝင်ဘာ ၁၃ ရက်တွင် စပိန်အသင်းနှင့် လည်းကောင်း၊ နိုဝင်ဘာ ၁၇ ရက်တွင် ပြင်သစ်အသင်းနှင့်လည်းကောင်း ချစ်ကြည်ရေးခြေစမ်းပွဲများကို ယှဉ်ပြိုင်သွားမည်ဖြစ်သည်။

❑

## ကျွန်တော်ကလည်း ကလော့လိုနည်းပြပါ

ခရစ္စတယ်ပဲလေ့စ်နည်းပြ အလန်ပါဂျူးက ၎င်းမှာ လီဗာပူးနည်းပြသစ် ဂျာဂင်ကလော့ကဲ့သို့သော စရိုက်နှင့်စွမ်းဆောင်ရည်ရှိသည့် နည်းပြတစ်ဦးဖြစ်ကြောင်း သူ၏ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားလိုက်သည်။ ဂျာဂင်ကလော့မှာ လီဗာပူးနည်းပြအဖြစ် တာဝန်ယူခဲ့ပြီးနောက် ရှုံးပွဲမရှိသေးဘဲ သုံးပွဲသရေ၊ သုံးပွဲနိုင်ရလဒ်ဖြင့် ကလပ်အသင်းအား လမ်းကြောင်းမှန်ပေါ်သို့ ပြန်လည်ရောက်ရှိအောင်ဆွဲတင်နိုင်ခဲ့သည်။

ဒေါ့မွန်နည်းပြအဖြစ်တာဝန်ယူခဲ့စဉ်က ကျင့်သုံးခဲ့သော ဂျာဂင်ကလော့၏နည်းဗျူဟာပိုင်းနှင့် လူငယ်ကစားသမားကောင်းမြောက်မြားစွာမွေးထုတ်ပေးနိုင်မှုအရည်အချင်းများကြောင့်ဥရောပ၏ ထိပ်တန်းနည်းပြတစ်ဦးအဖြစ်အသိအမှတ်ပြုခံခဲ့ရသည်။ သူ၏လက်ထက်တွင် မာရီယိုဂေါ့ဇီ၊ မာကိုရူးစ်နှင့် လီဝမ်ဒေါစကီးတို့၏ခြေစွမ်းပြသနိုင်မှုနှင့်အတူ ချန်ပီယံလိဂ်ဗိုလ်လုပွဲအထိ တက်ရောက်နိုင်ခဲ့သလို ဘွန်ဒက်စ်လီဂါဖလား နှစ်ကြိမ်ရရှိခဲ့သည်အထိ အောင်မြင်မှုရယူနိုင်ခဲ့သည်။

"ကလော့ကအသင်းအတွက် ဘယ်တော့မှ အနုတ်လက္ခဏာဆောင်တဲ့ကိစ္စရပ်တွေကို သယ်ဆောင်လာတယ်ဆိုတာမရှိပါဘူး။ ပွဲတစ်ပွဲမှာ သူကိုယ်တိုင်ဝင်ကစားနေသလို စိတ်နှစ်ကိုယ်နှစ်လုပ်ဆောင်တတ်တာကတော့ ကျွန်တော်နဲ့ အတော်လေးဆင်တူပါတယ်။ ဝက်စ်ဘရွန်းနည်းပြ တိုနီပူးလစ်တို့ဆို အသင်းကိုတင်းကြပ်တဲ့စည်းကမ်းနဲ့ ကိုင်တွယ်တတ်တယ်။ ကျွန်တော်တို့ကျတော့ ကစားသမားတွေအားလုံးကို မလျှော့မတင်းပုံစံမျိုးနဲ့ နွေးနွေးထွေးထွေးထိန်းကြောင်းဖို့ ကြိုးစားပါတယ်။ ဒါ့ကြောင့် ကျွန်တော့်စိတ်ထဲမှာ အခြားနည်းပြတွေထက်ဆို ကလော့ကို ပိုပြီးမှတ်မှတ်ထင်ထင်ရှိပါတယ်" ဟု အလန်ပါဂျူးက ဆိုခဲ့သည်။

## နိုဝင်ဘာ ၈ ရက်နေ့ အနိုင်/အရှုံးရလဒ်များ

**ပရီမီယာလိဂ် ပွဲစဉ် - ၁၂**

| | | | | |
|---|---|---|---|---|
| ဝက်စ်ဟမ်း | ၁ | - | ၁ | အဲဗာတန် |
| ဆန်းဒါးလန်း | ၀ | - | ၁ | ဆောက်သမ်တန် |
| နော့ဝှစ်ချ် | ၁ | - | ၀ | ဆွမ်ဆီး |
| လက်စတာ | ၂ | - | ၁ | ဝက်ဖို့ဒ် |
| မန်ယူ | ၂ | - | ၀ | ဝက်စ်ဘရွန်း |
| စတုတ် | ၁ | - | ၀ | ချယ်လ်ဆီး |
| ဗီလာ | ၀ | - | ၀ | မန်စီးတီး |
| **စပိန်လာလီဂါ ပွဲစဉ် - ၁၁** | | | | |
| ဆယ်လ်တာဗီဂို | ၁ | - | ၅ | ဗလန်စီယာ |
| လီဗန်တေး | ၁ | - | ၁ | ဒီပို့တီဗို |
| အီဘား | ၃ | - | ၁ | ဂီတာဖေး |
| ဗယ်လီကာနို | ၂ | - | ၁ | ဂရန်နာဒါ |
| မာလာဂါ | ၀ | - | ၁ | ဘက်တစ် |
| ဘီဘာအို | ၂ | - | ၁ | အက်စပန်ညို |
| ဘာစီလိုနာ | ၃ | - | ၀ | ဗီလာရီးယဲလ် |
| **စီးရီးအေ ပွဲစဉ် - ၁၂** | | | | |
| ဗီရိုနာ | ၀ | - | ၂ | ဘိုလော့နာ |
| အေစီမီလန် | ၀ | - | ၀ | အတ္တလန်တာ |
| တိုရီနို | ၀ | - | ၁ | အင်တာမီလန် |
| အမ်ပိုလီ | ၁ | - | ၃ | ဂျူဗင်တပ် |
| ဖရိုစီနို | ၂ | - | ၂ | ဂျီနိုအာ |
| ပါလာမို | ၁ | - | ၀ | ချီယေဗို |
| ရိုးမား | ၂ | - | ၀ | လာဇီယို |
| ဆာစူအိုလို | ၁ | - | ၀ | ကာပီ |
| **ဘွန်ဒက်စ်လီဂါ ပွဲစဉ် - ၁၂** | | | | |
| ဒမ်စတက် | ၁ | - | ၁ | ဟမ်းဘတ် |
| ဒေ့မွန် | ၃ | - | ၂ | ရှော်ကေး |
| **ပြင်သစ် လီဂူး ပွဲစဉ် - ၁၃** | | | | |
| ပီအက်စ်ဂျီ | ၅ | - | ၀ | တူးလော့စ် |
| လိုရီယန့် | ၄ | - | ၁ | ထရွိုင်ယက်စ် |
| မောင့်ပယ်လီယာ | ၂ | - | ၁ | နန့်တက်စ် |
| ကိန်း | ၂ | - | ၁ | ဂူအင်ဂမ့် |
| ရိမ်းစ် | ၁ | - | ၂ | ဂါဇီလက် |
| လိုင်လီ | ၁ | - | ၁ | ဘက်စ်တီယာ |
| **ချန်ပီယံရှစ် ပွဲစဉ် (၁၆)** | | | | |
| ဘလက်ဘန်း | ၁ | - | ၁ | ဘရန့်ဖို့ဒ် |
| ဘော်လ်တန် | ၀ | - | ၀ | ဘရစ္စတိုးလ် |
| ဘရိုက်တန် | ၂ | - | ၁ | အမ်ကေဒွန်းစ် |
| ကာဒစ်ဖ် | ၂ | - | ၀ | ရက်ဒင်း |
| ချာလ်တန် | ၃ | - | ၁ | ရှက်ဖီး |
| ဖူလ်ဟမ် | ၂ | - | ၅ | ဘာမင်ဂမ် |
| ဟူးစီးတီး | ၃ | - | ၀ | မစ်ဒယ်ဘရော့ |
| ကျူပီအာ | ၀ | - | ၀ | ပရက်စတန် |
| ရိုသာဟမ် | ၂ | - | ၅ | အပ်ဆွစ်ချ် |
| ဝုဖ်လ်ဗာဟမ်တန် | ၀ | - | ၀ | ဘန်လေ |

**မောင်မောင်ဇော်**

# ဂွါဒီယိုလာ အသင်း၌ ဆက်ရှိရေး ဘိုင်ယန်ဆွေးနွေးမည်



ဂျာမန်ဘွန်ဒက်လီဂါကလပ် ဘိုင်ယန်မြူးနစ်အသင်းသည် လက်ရှိအသင်းနည်းပြ ဂွါဒီယိုလာအား အသင်း၌ ဆက်ရှိနေရေးအတွက် ဆွေးနွေးသွားမည်ဖြစ်ကြောင်း အသင်းဥက္ကဋ္ဌက ပြောကြားခဲ့သည်။

နည်းပြဂွါဒီယိုလာသည် ယခုနှစ်ဘောလုံးရာသီကုန်တွင် ဘိုင်ယန်မြူးနစ်အသင်းနှင့် စာချုပ်သက်တမ်းကုန်ဆုံးမည်ဖြစ်သောကြောင့် အနာဂတ်အတွက် ပြင်ဆင်မှုများပြုလုပ်လျက်ရှိပြီး ဘိုင်ယန်မြူးနစ်အသင်းကမူ ဂွါဒီယိုလာအား အသင်း၌ ဆက်လက်တာဝန်ယူစေရန် ဆန္ဒရှိနေကြောင်းသိရသည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ၂၀၁၃ ခုနှစ်အတွင်းက နည်းပြဂျက်ဟေးနက်လက်ထက်တွင် တစ်နှစ်တည်း ဖလားသုံးလုံး ရယူဆွတ်ခူးနိုင်ခဲ့သည့်အသင်းဖြစ်ပြီး အဆိုပါနှစ်ကုန်ဆုံးချိန်တွင် နည်းပြဂျက်ဟေးနက်နေရာတွင် ဂွါဒီယိုလာအား အစားထိုးခန့်ခဲ့သည်။ ထို့အချိန်မှစတင်ကာ နည်းပြဂွါဒီယိုလာသည် ဘိုင်ယန်မြူးနစ်အသင်းအတွက် ဆုဖလားများစွာရယူပေးနိုင်ခဲ့သူဖြစ်သည်။

လက်ရှိတွင်လည်း ဘိုင်ယန်မြူးနစ်အသင်းသည် ဘွန်ဒက်လီဂါပွဲစဉ်(၁၂)ပွဲ ကစားအပြီးတွင် ရမှတ် ၃၄ မှတ်အထိ ရရှိထားသည့်အသင်းဖြစ်သည်။ ဘိုင်ယန်မြူးနစ်အသင်းသည် ချန်ပီယံလိဂ်ပွဲစဉ်တွင် အာဆင်နယ်အသင်းအား ငါးဂိုး-တစ်ဂိုးဖြင့် အနိုင်ရရှိထားခဲ့သည့်အပြင် ဘွန်ဒက်လီဂါပွဲစဉ်တွင်လည်း ရော်ဘင်၊ ဒေါက်ဂလပ်ကော်စတာ၊ လီဝမ်ဒေါစကီးနှင့် သောမက်စ်မူလာတို့၏ သွင်းဂိုးများဖြင့် စတုဂတ်အသင်းကိုလည်း လေးဂိုးပြတ်နိုင်ပွဲရရှိထားခဲ့ပြီး ဘွန်ဒက်လီဂါတွင် လွှမ်းမိုးနိုင်မှုအများဆုံးအသင်းအဖြစ် မှတ်တမ်းတင်ထားသည့်အသင်းဖြစ်သည်။

ဘိုင်ယန်မြူးနစ်အသင်းသည် ပွဲစဉ်(၁၂)ကစားအပြီးတွင် ၁၁ ပွဲနိုင်ပွဲရရှိထားကာ လက်ရှိဘွန်ဒက်လီဂါ အမှတ်ပေးဇယားတွင် ဒုတိယနေရာမှ ဒေ့မွန်အသင်းအား ပွဲစဉ်(၁၂)မကစားရသေးခင်အချိန်ထိ ရှစ်မှတ်ဖြတ်ကာ အမှတ် ပေးဇယားကို ထိပ်ဆုံးမှ ဦးဆောင်လျက်ရှိသည်။ အဆိုပါ ရလဒ်များကြောင့် ဘိုင်ယန်မြူးနစ်အသင်းအနေဖြင့် နည်းပြဂွါဒီယိုလာအား စာချုပ်သက်တမ်းတိုးရန်ဆန္ဒရှိနေပြီး ဆွေးနွေးမှုများလည်း ပြုလုပ်သွားမည်ဖြစ်ကြောင်း သိရသည်။

**(ငွေကြယ်)**

# ပီယာလိုအားအငှားဖြင့် ခေါ်ယူမည်မှာ မဟုတ်မှန်ကြောင်း မန်စီနီငြင်းဆို




အင်တာမီလန်နည်းပြ မန်စီနီက နယူးယောက်စီးတီးအသင်းတွင် ကစားနေသော ကွင်းလယ်လူပီယာလိုအား အငှားဖြင့် ခေါ်ယူရန် ချိတ်ဆက်နေသည့် သတင်းများအပေါ် ငြင်းဆန်ပယ်ချခဲ့သည်။ မန်စီနီက ပီယာလိုအား အမေရိကန်မေဂျာလိဂ်ရပ်နားနေသည့် ကာလအတွင်း အငှားဖြင့်ခေါ်ယူရန်ကြိုးပမ်းမှုများ ပြုလုပ်နေသည်ဆိုသည့်သတင်းများထွက်ပေါ်ခဲ့ပြီးနောက် ယင်းသို့ ပြန်လည် တုံ့ပြန်ခဲ့ခြင်းဖြစ်သည်။

“သူ့ကိုခေါ်မယ်ဆိုတဲ့သတင်းတွေက မဟုတ်ပါဘူး။ ဒါပေမယ့် ဘောလုံးလောကမှာ ဘာမဆိုဖြစ်နိုင်တာဆိုတော့ ဘာကိုမှတော့ အခုထိ ယတိပြတ်မပြောနိုင်သေးပါဘူး။ပြီးတော့သူစီးရီးအေမှာပြန်ကစားချင်သလား၊ဆန္ဒမရှိဘူးလားဆိုတာလည်း ကျွန်တော်မသိပါဘူး။ သေချာတာကတော့ အခုထိသူနဲ့ ကျွန်တော် စကားမပြောရသေးပါဘူးဆိုတာပါပဲ။ သူက သာမန်ကစားသမားမဟုတ်ဘဲ ချန်ပီယံပါ။ပြီးတော့ အင်တာမှာ လောလောဆယ်ကွင်းလယ်အဖျက်နေရာမှာ ကစားနိုင်တဲ့ ကြံ့ခိုင်မှုအပြည့်ရှိတဲ့ ကွင်းလယ်ကစားသမားတစ်ဦး တကယ့်ကိုလိုအပ်ပါတယ်” ဟု မန်စီနီက ဆိုခဲ့သည်။

**ရွှိုင်ယန်ဟေဒင်**

# ကိုယ်ပိုင်အမြင်ဖြင့် ဆုံးဖြတ်ရန် မန်ယူပရိသတ်များအား ဗန်ဟားလ်တိုက်တွန်း



မန်ယူပရိသတ်များအနေဖြင့် ကလပ်အသင်း၏ ကစားဟန်ဖြင့် ပတ်သက်၍ လတ်တလောစိတ်မသက်မသာခံစားနေရခြင်းမှာ ၎င်းတို့၏အမြင်များပျောက်ဆုံးနေခြင်းကြောင့်ဖြစ်ပြီး အရာရာကို ကိုယ်ပိုင်အမြင်ဖြင့်သာ ရှုမြင်စေလိုကြောင်း နည်းပြဗန်ဟားလ်ကတိုက်တွန်းစကားပြောကြားခဲ့သည်။ မန်ယူပရိသတ်များမှာ မန်ယူ၏နောက်ဆုံးကစားခဲ့သည့်ငါးပွဲတွင် သုံးဂိုးသာသွင်းယူနိုင်သည့်အပေါ် မကျေမနပ်ဖြစ်နေပြီး နည်းပြ ဗန်ဟားလ်၏နည်းဗျူဟာချမှတ်မှုအပေါ် မေးခွန်းထုတ်ခဲ့ကြသည်။

သို့သော် ဗန်ဟားလ်က မန်ယူပရိသတ်များအနေဖြင့် ယခုကဲ့သို့ စိတ်မကျေမနပ်ဖြစ်လာရခြင်းမှာ သူတို့၏ကိုယ်ပိုင်အမြင်ထက် ပေါလ်စခိုး၏ ဝေဖန်ခဲ့သည့် စကားလုံးများ၏ လွှမ်းမိုးမှုကြောင့်ဖြစ်ကြောင်း ဆိုခဲ့သည်။ စီအက်စ်ကေအေအသင်းနှင့် ကစားခဲ့သည့် ချန်ပီယံလိဂ်ပွဲစဉ်(၄)၌ မာရှယ်လ်နှင့် ဖယ်လိုင်နီတို့ လူစားလဲခဲ့စဉ် မန်ယူပရိသတ်များက တိုက်စစ်ဦးစားပေးကစားဟန်ကိုပြောင်းလဲခဲ့သည့် ဗန်ဟားလ်၏ ဆုံးဖြတ်ချက်အပေါ် မကျေနပ်ကြောင်း မာရှယ်လ်၏အမည်ကို အော်ကာ ပြသခဲ့ကြသည်။ဝက်စ်ဘရွန်းအား နှစ်ဂိုးပြတ်ဖြင့်အနိုင်ရရှိခဲ့သည့်ပွဲစဉ်၌ လင်းဂတ်အဖွင့်ဂိုးမသွင်းယူနိုင်မီ “တိုက်စစ်” “တိုက်စစ်”ဟုတောက်လျှောက်အော်ကာ သူတို့၏ မကျေနပ်ချက်အား ဖော်ပြခဲ့ကြသည်။

“ပရိသတ်တွေ ဖြစ်ချင်တဲ့ဆန္ဒကိုကျွန်တော်သိပါတယ်။ဒါပေမယ့် အခု တိုက်စစ်ထက်ခံစစ်ကို ကျစ်လျစ်ဖို့ တည်ဆောက်နေရတာပါ။ တကယ်တော့ ခံစစ်ကောင်းဖို့ အစီအစဉ်ချရတာကလည်း ခက်ခဲပါတယ်။စီအက်စ်ကေအေကို ခံစစ်ဦးစားပေးကစားဟန်နဲ့ ကစားပြီးအနိုင်ရခဲ့သလို ဝက်စ်ဘရွန်းကိုလည်း ပေးဂိုးမရှိဘဲ အနိုင်ရအောင်ကစားနိုင်ခဲ့တယ်။ဒီနည်းလမ်းနဲ့ တခြားအသင်းတွေကို အနိုင်ယူနိုင်ခဲ့တဲ့အတွက် အခုတအားကို ပျော်ရွှင်နေမိပါတယ်” ဟု ဗန်ဟားလ်က ဆိုခဲ့သည်။

မေလွဲ့သင်း

# ငွေသုံးကြမ်းခဲ့ခြင်းက ရိုးမားနှင့် နည်းပြဂါစီယာအား ပိုမိုဖိအားများစေခဲ့

ငွေကြေးအသုံးကြမ်းခဲ့သည့် ရိုးမားနှင့်နည်းပြဂါစီယာတို့မှာ ချန်ပီယံဖလားကို စိန်ခေါ်နိုင်သည်ထက် ဖိအားများသာ ပိုမိုရရှိမည်ဖြစ်ကြောင်း လာဇီယိုနည်းပြပွိုင်လီက သူ၏ ယုံကြည်ချက်ကို ထုတ်ဖော်ပြောကြားခဲ့သည်။ ရိုးမားအသင်းသည် ပြီးခဲ့သည့်နွေဈေးကွက်တွင် အန်တိုနီယို ဂူဒီဂါ၊ ဗေ့ကွယ်နှင့် ဖော့ဂ်တို့အား အပြီးသတ်ခေါ်ယူခဲ့သလို မိုဟာမက်ဆာလာနှင့် အေဒင်ဇက်ကိုတို့အားလည်း အငှားဖြင့် ခေါ်ယူနိုင်ခဲ့သည်။ ပွိုင်လီက ရင်းနှီးမြှုပ်နှံသည့် ပမာဏများလျှင် ဆုဖလားအတွက် စိန်ခေါ်နိုင်မှုသာလျှင် အဆင်ပြေမည်ဖြစ်၍ ဂါစီယာအနေဖြင့် ဖိအားဒဏ်ခံနေရပြီဖြစ်ကြောင်း ဆိုခဲ့သည်။

ပွိုင်လီက ရိုးမားအနေဖြင့် ယခုနှစ်တွင် စီးရီးအေချန်ပီယံဆုဖလားကို ရယူနိုင်စွမ်းအပြည့်ရှိနေကြောင်း၊ ငွေသုံးကြမ်းခဲ့ခြင်းက အားအင်အသစ်ကို ဖြစ်ထွန်းစေခဲ့သလို တစ်ဖက်တွင်လည်း ဖိအားဒဏ်ကို ခံရမည်ဖြစ်ကြောင်း၊ ရိုးမား ယခုနှစ်တွင် သေချာပေါက်ချန်ပီယံဆုရယူနိုင်မှသာလျှင် တာဝန်ကျေနိုင်မည်ဖြစ်ကြောင်း၊ ယမန်နှစ်က ဖြစ်ပေါ်ခဲ့သော ရောမဒါဘီအဖြစ်အပျက်မှာ အီတလီဘောလုံးလောကအတွက် ရှက်စရာကောင်းကြောင်း ဆိုခဲ့သည်။

**မေလွဲ့သင်း**

# ရှူဂါနီကို ယုံကြည်တယ်လို့ ဆိုလိုက်တဲ့ အယ်လီဂရီ

ဂျူဗင်တပ်နည်းပြ အယ်လီဂရီက ဝေဖန်မှုများဆက်တိုက်ရင်ဆိုင်နေရသောအသင်း၏ ကွင်းလယ်ကစားသမားရှူဂါနီ၏ခြေစွမ်းအပေါ် ယုံကြည်မှုအပြည့်ရှိကြောင်း ထောက်ခံစကားပြောကြားလိုက်သည်။ အဆိုပါ ဂျူဗီနောက်ခံလူသည် ယမန်နှစ်က အမ်ပိုလီတွင်ခြေစွမ်းပြနိုင်ခဲ့သော်လည်း ဂျူဗင်တပ်သို့ ပြောင်းရွှေ့လာခဲ့ပြီးနောက် ခြေစွမ်းပိုင်းရှုန်းကန်နေရသည်။

သို့သော် ဂျူဗင်တပ်မှာ ဥရောပ၏ အကောင်းဆုံးနောက်တန်းကစားသမားသုံး၊ လေးဦးကို ပိုင်ဆိုင်ထားသည့်အသင်းဖြစ်ကြောင်း၊ဒယ်နီယယ်လေ(ရှူဂါနီ)အနေဖြင့် အမ်ပိုလီတွင် ရရှိခဲ့သည့် ခြေစွမ်းမျိုး ဂျူဗင်တပ်တွင်မပြသနိုင်သေးခြင်းမှာ အမ်ပိုလီနှင့် ဂျူဗင်တပ်တို့၏ ကစားဟန်မှာမတူညီ၍ဖြစ်ကြောင်း၊ ခြေစွမ်းထက်မံတိုးတက်လာရန် အလားအလာအပြည့်ရှိသည့် ရှူဂါနီ၏အနာဂတ်မှာ ဂျူဗင်တပ်၌သာ ဆက်ရှိရန် သေချာကြောင်း အယ်လီဂရီကအားပေးစကားပြောကြားခဲ့သည်။

**ရွှိုင်ယန်ဟေဒင်**

# ရေသူမလေးအဖြစ်ပါဝင်သရုပ်ဆောင်မယ့် ကာလိုဂရေ့စ်မောတက်ဇ်





ဒစ်စနေရုပ်ရှင်ထုတ်လုပ်ရေးရဲ့ အောင်မြင်တဲ့ ကာတွန်းရုပ်ရှင်တွေထဲကတစ်ခုဖြစ်တဲ့ ရေသူမလေးအေရီရယ်လ်ပါဝင်တဲ့ "The Little Mermaid" ရဲ့ ရုပ်ရှင်သစ်မှာ ဆယ်ကျော်သက်မင်းသမီးလေး ကာလိုဂရေ့စ်မောတက်ဇ်က အေရီရယ်အဖြစ်ပါဝင်သရုပ်ဆောင်သွားမှာဖြစ်တယ်လို့ အမ်တီဗွီနယူးစ်ဒေ့ါကွန်းက ဖော်ပြခဲ့ပါတယ်။

ယင်းရုပ်ရှင်ဟာ ပင်လယ်ထဲမှာပဲ ဘဝကို ကုန်ဆုံးသွားချင်တဲ့ ပင်လယ်ပျော်ရေသူမလေး အေရီရယ်လ်ဟာ ရေနစ်နေတဲ့ အမျိုးသားတစ်ဦးကို ကယ်ဆယ်ခဲ့ပြီးနောက် ယင်းအမျိုးသားနဲ့ ချစ်သူတွေဖြစ်ခဲ့ကြပြီး လူသားတစ်ဦးအဖြစ် ပြောင်းလဲသွားတဲ့အကြောင်းကို ဇာတ်လမ်းဆင်ရိုက်ကူးထားတဲ့ရုပ်ရှင်ဖြစ်ပါတယ်။ အဆိုပါရုပ်ရှင်ကို ယခင်က ကာတွန်းဇာတ်ဆောင်များဖြင့် သာရိုက်ကူးခဲ့ရာမှ ယခုတစ်ကြိမ်မှာတော့ လူသားသရုပ်ဆောင်တွေပါ ပါဝင်သရုပ်ဆောင်ထားတဲ့ ရုပ်ရှင်အဖြစ် ပြန်လည်ဆန်းသစ်ရိုက်ကူးသွားမှာဖြစ်ပါတယ်။

မင်းသမီးမောတက်ဇ်က "ယခုလို အတွေ့အကြုံ ကောင်းတစ်ခုရခဲ့တဲ့အတွက် အလွန်ပဲဝမ်းသာမိပါတယ်။ ရေသူမလေးတစ်ဦးလို ပြောင်းလဲထားတဲ့ ကျွန်မရဲ့ ပုံစံကို ပရိသတ်ကိုလည်း မြင်စေချင်လှပါပြီ"လို့ အေရီရယ်အဖြစ်ပါဝင်သရုပ်ဆောင်ခွင့်ရခဲ့ခြင်းနှင့်ပတ်သက်၍ သူ၏ခံစားချက်ကို နိုဝင်ဘာ ၆ရက်က အွန်လိုင်းကနေတစ်ဆင့် ဖွင့်ဟခဲ့ပါတယ်။

အဆိုပါရုပ်ရှင်အပြင် မင်းသမီးဟာ လတ်တလောမှာ ဆက်သ်ရော်ဂန်နဲ့ ဇက်အဖ်ရွန်တို့ ပါဝင်သရုပ်ဆောင်ထားကြတဲ့ရုပ်ရှင် "Neighbours 2:Sorority Rising"နဲ့ သိပ္ပံစိတ်ကူးယဉ်ရုပ်ရှင်"The Fifth Wave"တို့မှာလည်း ပါဝင်သရုပ်ဆောင်ထားပါတယ်။

အေးပြည့်- ရေးသားသည်

## ပဲရစ်မှာ ရုပ်ရှင်ရိုက်နေတဲ့ ခရစ်စတင်းစတူးဝပ်



"Twilight" ရုပ်ရှင်များဖြင့် နာမည်ကျော်မင်းသမီးတစ်ဦးဖြစ်လာခဲ့သော ဟောလိဝုဒ်ကြယ်ပွင့် ခရစ်စတင်းစတူးဝပ်သည် ယခုသီတင်းပတ်အတွင်း ပြင်သစ်နိုင်ငံ ပဲရစ်မြို့တော်၏ လမ်းမများထက်၌ နေ့ရောညပါ ရုပ်ရှင်သစ်အတွက် ရိုက်ကူးရေးလုပ်ငန်းများကို လုပ်ဆောင်နေကြောင်း ဒေးလီးမေးလ်ဒေ့ါကွန်းက ဖော်ပြခဲ့သည်။

မင်းသမီးသည် ပြီးခဲ့သည့်သောကြာနေ့ ညကညမှောင်မှောင်၏ မိုးရေစက်များအောက်တွင် သူ၏ရုပ်ရှင်သစ်"Personal Shopper"အတွက် ရိုက်ကူးလျက်ရှိသည်။

ယင်းရုပ်ရှင်သည် ပြင်သစ်ဖက်ရှင်လောကအကြောင်းကို အခြေခံကာ ရိုက်ကူးထားသောရုပ်ရှင်ဖြစ်ပြီး ဝိညာဉ်အကြောင်းများလည်း ထည့်သွင်းရိုက်ကူးထားသည့် ထိတ်လန့်ဖွယ်ရုပ်ရှင်အမျိုးအစားဖြစ်သည်။ အဆိုပါ ရုပ်ရှင်သည် ခရစ်စတင်း၏ ၂၀၁၅ ခုနှစ်အတွင်းရိုက်ကူးခဲ့သော တတိယမြောက်ရုပ်ရှင်ဖြစ်သည်။

## ဗြိတိန်တေးဂီတလောကမှာ (၁၂)ကြိမ်မြောက် ထိပ်ဆုံးက ရပ်တည်နိုင်ခဲ့တဲ့ အဲဗစ်ပရက်စလေ



ဗြိတိန်ဂန္ထဝင်တေးအဆိုတော် အဲဗစ်ပရက်စလေဟာ ကွယ်လွန်သွားခဲ့တာ နှစ်လေးဆယ်ကျော်ခဲ့ပြီဖြစ်ပေမယ့် သူ့ရဲ့တေးအယ်လ်ဘမ်" If I Can Dream" ဟာ ယခုတစ်ပတ်ဗြိတိန်တေးလောကရဲ့ ရောင်းအားအကောင်းဆုံးသော ဆိုလိုတေးအယ်လ်ဘမ်စာရင်းမှာ ထိပ်ဆုံးက ရပ်တည်ခဲ့ပါတယ်။

အဆိုပါ တေးအယ်လ်ဘမ်ဟာ အဲဗစ်ရဲ့ အကောင်းဆုံးနဲ့ အကျော်ကြားဆုံးသော ဂန္ထဝင်တေးသီချင်းတွေကို ပြန်လည်စုစည်းထုတ်လုပ်ထားတဲ့ တေးအယ်လ်ဘမ်လည်း ဖြစ်ပါတယ်။

ထို့ပြင် ယင်းတေးအယ်လ်ဘမ်ဟာ တစ်နှစ်အတွင်း ဒုတိယရောင်းအားအကောင်းဆုံးသော တေးအယ်လ်ဘမ်လည်းဖြစ်ကာ ယခုအချိန်အထိ တေးအယ်လ်ဘမ်ပေါင်း ၇၉၀၀၀ ကျော် ရောင်းချခဲ့ရပြီးဖြစ်ပါတယ်။

ဗြိတိန်ပေါ့ပ်အဆိုတော် အဒဲလ်ရဲ့ တေးအယ်လ်ဘမ်သစ်"Hello"ကတော့ ဗြိတိန်ရဲ့တစ်ကိုယ်တော်တေးအယ်လ်ဘမ်များစာရင်းမှာ ထိပ်ဆုံးက ရပ်တည်နေပါတယ်။

## g.o.d ၏ ဒစ်ဂျစ်တယ်တေးအယ်လ်ဘမ်သစ်ကို ဒီဇင်ဘာလအတွင်း ထုတ်ဝေမည်



တောင်ကိုရီးယားအမျိုးသားတေးဂီတအဖွဲ့တစ်ဖွဲ့ဖြစ်သည့် " g.o.d "၏ ဒစ်ဂျစ်တယ်တေးအယ်လ်ဘမ်သစ်ကို လာမည့်ဒီဇင်ဘာလအတွင်း စတင်ဖြန့်ချိသွားမည်ဖြစ်ကြောင်း ကိုရီးယားဘိုးဒေ့ါကွန်းက ဖော်ပြခဲ့သည်။

ယင်းတေးအယ်လ်ဘမ်သည် အဖွဲ့၏နောက်ဆုံးထွက်ရှိခဲ့သော စတူဒီယိုတေးအယ်လ်ဘမ် "Chapter 8"ပြီးနောက် တစ်နှစ်ခွဲအတွင်း ပထမဦးဆုံးအကြိမ်ထုတ်လုပ်ခဲ့သော ဒစ်ဂျစ်တယ်တေးအယ်လ်ဘမ်ဖြစ်သည်။

g.o.d သည် ပြီးခဲ့သည့် ၂၀၁၄ခုနှစ်က အဖွဲ့တည်ထောင်ခြင်း(၁၅)နှစ်ပြည့်အထိမ်းအမှတ်အဖြစ် သူတို့၏ ရှစ်ခုမြောက်သော စတူဒီယိုတေးအယ်လ်ဘမ်ဖြစ်သည့် "Chapter 8"ကို ထုတ်လုပ်ဖြန့်ချိခဲ့ပြီး ယင်းတေးအယ်လ်ဘမ်ဖြင့်ပင် တစ်နှစ်အတွင်း အကောင်းဆုံးသော တေးအယ်လ်ဘမ်ဆုကို ရရှိခဲ့သည်။ ယခုကဲ့သို့ ပရိသတ်၏အားပေးမှုကြောင့် g.o.d အနေဖြင့် ဒစ်ဂျစ်တယ်တေးအယ်လ်ဘမ်သစ်ကို ထုတ်ဝေရန် စီစဉ်ခဲ့ခြင်းဖြစ်သည်။ အဖွဲ့အနေဖြင့် တေးအယ်လ်ဘမ်ထုတ်ဝေမည့်ရက်၊ တေးအယ်လ်ဘမ်၏အမည်နှင့် ယင်းတေးအယ်လ်ဘမ်တွင် ပါဝင်မည့်တေးသီချင်းများကိုမူ ယခုအချိန်အထိ ထုတ်ဖော်ပြောကြားခြင်းမရှိသေးပေ။

g.o.d သည် အခြားအနုပညာလုပ်ရှားမှုတစ်ရပ်အနေဖြင့် ဒီဇင်ဘာ ၁၆ ရက်၌ ဆိုးလ်ရှိ အိုလံပစ်ပန်းခြံဘောလုံးကွင်းတွင် ဖျော်ဖြေပွဲတစ်ရပ်ပြုလုပ်သွားမည်ဖြစ်သည်။

## ရုပ်မြင်သံကြားအစီအစဉ်များ

[၉ - ၁၁ - ၂၀၁၅ (တနင်္လာနေ့)]

### MRTV- 4

| | |
|---|---|
| ၅း၀၀ | ပဋ္ဌာန်းပါဠိတော်+ရတနသုတ် |
| ၅း၄၀ | "စောင့်ထိန်းနိုင်မှချမ်းသာရ" တရားတော် [သီတဂူဓမ္မကထိက ဆရာတော် အရှင်တိက္ခသာရ] |
| ၇း၅၀ | ရန်ကုန်မြင်ကွင်းကျယ် |
| ၈း၀၀ | Cartoon Series (English Playground) |
| ၈း၄၀ | ပျော်ရွှင်လေ့လာ အင်္ဂလိပ်စာ |
| ၉း၄၀ | အနုပညာမိုးကောင်းကင် |
| ၁၀း၀၅ | ခေတ်သစ်ပျိုမေ |
| ၁၁း၀၀ | သွားမယ်စားမယ် (Color Stone) |
| ၁၁း၃၀ | Forever Music Tribute Jazz (အပိုင်း-၁) ပထမပိုင်း |
| ၁၁း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၈၉) |
| ၂း၂၀ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "Flowers & Butterflies" |
| ၂း၅၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၅) |
| ၆း၁၀ | Health Fix |
| ၆း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "အကြင်နာလက်ကလေး" (အပိုင်း-၆) |
| ၈း၁၅ | Drive It |
| ၈း၃၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "မျဉ်းပြိုင်ကြားကမေတ္တာများ" (အပိုင်း-၃၀) |
| ၉း၁၅ | MRTV-4 ရုပ်သံဇာတ်လမ်းတွဲ "သွေးနဲ့ရေးတဲ့သမိုင်းမှတ်တမ်း" (အပိုင်း-၉၀) |
| ၉း၄၅ | အနုပညာမိုးကောင်းကင် |
| ၁၀း၁၀ | MRTV-4 Stage |
| ၁၀း၃၅ | World Of Knowledge (Knights Of Mayham : Threat To The Throne) |

### မြဝတီ

| | |
|---|---|
| ၆း၀၃ | တရားတော် |
| ၆း၁၆ | မေတ္တာပို့ |
| ၆း၂၀ | ဓမ္မပူဇာတေး |
| ၆း၂၅ | ကိုယ်လက်လှုပ်ရှားအားကစား |
| ၆း၅၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၇း၁၀ | အမျိုးသားရေးတေးကဗျာ |
| ၈း၀၅ | VOA အင်္ဂလိပ်စာသင်ခန်းစာ |
| ၈း၁၅ | ရွှေဟောင်းသုတ |
| ၈း၂၀ | DVD Hits |
| ၈း၃၅ | ဟန်ချက်ညီညီ နိုင်ငံတော်သစ်ဆီ |
| ၉း၁၀ | သူနှင့်သူ၏သီချင်းများ |
| ၄း၂၀ | စိုက်ပျိုးသုတ |
| ၄း၃၀ | ရင်မှာစွဲလန်းတော်ဝင်ပန်း |
| ၄း၃၅ | ဇာတ်လမ်းတို |
| ၅း၀၅ | မြန်မာသံစဉ်ချိုနားဝင် |
| ၅း၁၅ | ရင်ခုန်စရာအမှောင်ကမ္ဘာ |
| ၅း၃၅ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ဂန္ထဝင်မြောက်အမုန်း (အပိုင်း-၇၀) |
| ၆း၂၀ | သံစဉ်လမ်းကလင်းလက်ကြယ် |
| ၇း၀၀ | ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ရင်နှစ်သီးခြာချစ်လိပ်ပြာ (အပိုင်း-၃၅) - ကြယ်ကလေးတို့ရဲ့ ဂီတမိုးကောင်းကင် - မေးမြန်းစူးစမ်း - ယနေ့ညအတွက်မြဝတီ၏ တေးလက်ဆောင် ရသစုံလင်ရုပ်မြင်ဇာတ်လမ်း - ခနတံတိုင်းရဲ့တစ်ဖက်တစ်ချက် အပိုင်း(၂၉) (သိမ်း) |

### mitv

| | |
|---|---|
| 07:03 | News |
| 07:26 | Myanmar Master Class "Artist Win Pe Myint" |
| 07:40 | SHWE SETTAW (Minbu) |
| 08:03 | News |
| 08:26 | Living in Off-Season |
| 08:39 | Five-Stars Ocean Liners in Myanmar Water |
| 08:55 | [Doctor] [Painter] |
| 09:03 | News |
| 09:26 | Kayah Style |
| 09:34 | Jade Pagoda: Weirawsana |
| 09:53 | Temple Stalls |
| 10:03 | News |
| 10:25 | History And Mystery Behind The Caves |
| 10:50 | Kay Tu Mar Lar "The Family" |
| 07:03 | News |
| 07:26 | Food Trip (EP-1) (Part -2) |
| 07:53 | Gardener: Rose Plantation |
| 08:03 | News |
| 08:26 | Taste Of Myanmar (Shan Noodle Salad) |
| 08:43 | A Life In The Ring |

# ပိုင်ရှင်မဲ့တွေ့ရှိသည့် ပိုက်ဆံအိတ်အား တာဝန်သိပြည်သူများနှင့် ခရီးသွားလုံခြုံရေး ရဲတပ်ဖွဲ့ဝင်များက ပိုင်ရှင်ထံ ပေးအပ်

**နေပြည်တော် နိုဝင်ဘာ ၈**

မန္တလေးတိုင်းဒေသကြီး အောင်မြေသာစံမြို့နယ် မန္တလေးတောင်တောင်ဘက်မုခ် ဖိနပ်အပ်နှံ/လက်ခံကောင်တာဝန်ထမ်း အောင်မြေသာစံမြို့နယ် ဥပုသ်တော်ရပ်ကွက်နေသူများ ဖြစ်ကြသည့် မအေးသီတာမွန်နှင့် မစိုးချယ်ရီတို့သည် နိုဝင်ဘာ ၅ ရက်က ဖိနပ်စင်အနီးတွင် သားရေခေါက်ပိုက်ဆံအိတ်တစ်လုံးတွေ့ရှိသဖြင့် မန္တလေးတောင် ဂေါပကအဖွဲ့ရုံးသို့ လာရောက်အပ်နှံရာ ဂေါပကရုံးအဖွဲ့မှူး ဦးမျိုးမြင့်နှင့် ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု (မန္တလေး)မှ တပ်ဖွဲ့ဝင်များက စစ်ဆေးခဲ့သည်။

အဆိုပါ ခေါက်ပိုက်ဆံအိတ်အတွင်းမှ အမေရိကန် ဒေါ်လာ ၆၀၊ မြန်မာငွေကျပ် ၁၃၆၃၀၀၊ ဘဏ်ငွေထုတ်ကတ်နှစ်ခု၊ မန္တလေးဇုန်ဝင်ကြေးကတ်ပြားနှစ်ခု၊ Ko Zaw, Tour Transport စာတန်းပါ လိပ်စာကတ်တစ်ခုတို့အား တွေ့ရှိရသည်။

လိပ်စာကတ်ပါဖုန်းအား ဆက်သွယ်ရာ ကိုဇော်က Amazing Mandalay Hotel ၌ တည်းခိုသည့် ဂျာမနီနိုင်ငံသူတစ်ဦးအား နိုဝင်ဘာ ၅ ရက်က အငှားယာဉ်ဖြင့် ပို့ဆောင်ပေးခဲ့ကြောင်း၊ ဆက်သွယ်ရန် လိပ်စာကတ်ပြားပေးခဲ့ကြောင်း သိရှိရသဖြင့် ပိုက်ဆံအိတ်ပိုင်ရှင်အား ကမ္ဘာလှည့်ခရီးသွားလုပ်ငန်း လုံခြုံရေးရဲတပ်ဖွဲ့စု(မန္တလေး)မှ တပ်ဖွဲ့ဝင်များက လိုက်လံရှာဖွေစဉ် မွန်းလွဲ ၂ နာရီခွဲခန့်က မန္တလေးတောင်ပေါ်ရှိ ဆုတောင်းပြည့်ဘုရား ရင်ပြင်၌ ပိုက်ဆံအိတ် ပျောက်၍လိုက်လံရှာဖွေနေသော Amazing Mandalay Hotel အခန်းအမှတ် (၂၀၁)တွင် တည်းခိုသည့် ဂျာမနီနိုင်ငံသူ Mrs. Mies Gisela Mathilte Auguste (၅၁)နှစ်အား တွေ့ရှိသဖြင့် ဂေါပကရုံး အဖွဲ့မှူး ဦးမျိုးမြင့်နှင့်အတူ စိစစ်၍ ပြန်လည်ပေးအပ်ခဲ့ကြောင်း သိရသည်။

**(ကြေးမုံ)**

# မန်းမြို့ဈေးအနီး ပိုက်ဆံအိတ်လုယူထွက်ပြေးမှုဖြစ်ပွား

**မန္တလေး နိုဝင်ဘာ ၈**

မန္တလေး မဟာအောင်မြေမြို့နယ် မဟာနွယ်စဉ်ရပ်ကွက်(၇၂)လမ်း (၃၉)လမ်းနှင့်(၄၀) လမ်းကြားရှိ ငွေသရဖူအဆောင်မှ မမျိုးသန္တာအောင်သည် ယုယုမော်နှင့်အတူ နိုဝင်ဘာ ၆ ရက် နံနက်၁၀နာရီက အထည်ဝယ်ရန် ဆိုင်ကယ်ဖြင့် မန်းမြို့ဈေးသို့ သွားရောက်ရာ (၃၈)လမ်း (၈၃)လမ်းနှင့် (၈၄)လမ်းကြားအရောက် အမျိုးသားနှစ်ဦးမောင်းနှင်လာသည့် CZI ဆိုင်ကယ်သည် အနီးသို့ ကပ်လာပြီး ယုယုမော်ကိုင်ထားသော ပိုက်ဆံအိတ်နှင့် မမျိုးသန္တာအောင်၏ ပိုက်ဆံအိတ်တို့အား ဆွဲယူထွက်ပြေးသွားသည်။

ပိုက်ဆံအိတ်အတွင်း ငွေကျပ် ၁၁၀၀၀၀၊ နိုင်ငံသားစိစစ်ရေးကတ်တစ်ခု၊ ယာဉ်မောင်းလိုင်စင်တစ်ခု၊ ကမ္ဘာဇဘဏ် ATM ကတ်တို့ပါသွားသဖြင့် မမျိုးသန္တာအောင်က ဆိုင်ကယ်ဖြင့် နောက်မှလိုက်ရာ (၃၈)လမ်း (၈၄)လမ်းနှင့်(၈၅)လမ်းကြား အရောက်တွင် လုယူသွားသူတို့၏ ဆိုင်ကယ်အား မီသဖြင့် လက်ဖြင့်ဆွဲရာ ဆိုင်ကယ်ချင်းချိတ်မိကာ မမျိုးသန္တာအောင်၏ ဆိုင်ကယ်လဲကျ၍ ၎င်းတွင် ဒူးပွန်း ပွဲဒဏ်ရာ၊ ယုယုမော်တွင် ယာပခုံးနာကျင်၊ ဝဲမျက်ခုံး ပေါက်ပြဲဒဏ်ရာများရရှိခဲ့သဖြင့် မမျိုးသန္တာအောင်က တိုင်တန်း၍မဟာအောင်မြေမြို့မရဲစခန်းက အမှုဖွင့်ပြီး ပြစ်မှုကျူးလွန်သူများအား ဖမ်းဆီးရမိရေး ဆောင်ရွက်လျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

# မူးယစ်ဆေးဝါးရောင်းချသုံးစွဲသူ ကွင်းဆက်တရားခံများ ဖမ်းဆီးရမိ


**နေပြည်တော် နိုဝင်ဘာ ၈**

မူးယစ်တပ်ဖွဲ့စု(၁၈) မန္တလေး(တောင်ပိုင်း)နှင့် နယ်မြေခံရဲတပ်ဖွဲ့ဝင်များ ပါဝင်သော ပူးပေါင်းအဖွဲ့သည် နိုဝင်ဘာ ၅ ရက်က ချမ်းမြသာစည်မြို့နယ် (ယ)ရပ်ကွက် ကံ့ကော်လမ်းနှင့် အောင်မင်္ဂလာလမ်းကြားရှိ စားသောက်ဆိုင်တွင် ဝေယံအောင်(ခ)ဝေယံအား ရှာဖွေရာ လက်ကိုင်ဖုန်းတစ်လုံးနှင့် စိတ်ကြွရူးသွပ်ဆေးပြား ၁၁၂၆ ပြား သိမ်းဆည်းရမိသည်။

အလားတူ နိုဝင်ဘာ ၆ ရက်က ကွမ်းလုံမှ ချင်းရွှေဟော်သို့ ဝင်းကျော်မောင်းနှင်လာသည့် ဆိုင်ကယ်ကိုရှာဖွေရာ စိတ်ကြွရူးသွပ်ဆေးပြား ၈၆၈ ပြားကိုလည်းကောင်း၊ နိုဝင်ဘာ ၆ ရက်က အေးသာယာမြို့ ရပ်ကွက် (၃) နယ်မြေ(၅) အကွက်ကြီး(၃၆) အဝေးပြေးကားဝင်းလမ်းရှိ တည်းခိုခန်းတွင် ရဲလင်းထွန်းနှင့် မချစ်ချစ်တို့ တည်းခိုသည့် အခန်းကိုစစ်ဆေးရာ ငွေကျပ် ၃ ဒသမ ၀၂၃၅ သိန်းတို့ကို သိမ်းဆည်းရမိသည်။

ကွင်းဆက်ဖော်ထုတ်ချက်အရ မူးယစ်ဆေးဝါးများ အတူဝယ်ယူသုံးစွဲရန် ရန်ကုန်မြို့မှ အတူလာသူ ယင်းတည်းခိုခန်းတွင် တည်းခိုနေသည့် ရဲလင်းထွန်း၊ လင်းထိန်နှင့် သီဟချမ်းအေး(ခ)ဂြိုဟ်သားတို့ သုံးဦးအား တောင်ကြီးမြို့ စဝ်စံထွန်းရပ်ကွက် စဝ်စံထွန်းဆေးရုံ ခွဲစိတ်ဆောင်အနီးတွင် ဖမ်းဆီးရမိသဖြင့် ၎င်းတို့အား မူးယစ်ဆေးဝါးနှင့် စိတ်ကိုပြောင်းလဲစေသော ဆေးဝါးများဆိုင်ရာ ဥပဒေအရ အရေးယူထားကြောင်း သိရသည်။

**(ကြေးမုံ)**



**ဝေယံအောင်(ခ)ဝေယံအား သိမ်းဆည်းရမိ မူးယစ်ဆေးဝါးများနှင့်အတူ တွေ့ရစဉ်။**

# အဖွားအိုထံမှ နားကပ်လုသူများအား အရေးယူ

**နေပြည်တော် နိုဝင်ဘာ ၈**

ဧရာဝတီတိုင်းဒေသကြီး ငပုတောမြို့နယ် သဇင်ကျွန်းကျေးရွာနေ ဦးအုန်းကြိုင်(၅၉)နှစ်သည် နိုဝင်ဘာ ၄ ရက် ည ၇ နာရီခန့်က နေအိမ်တွင်ရှိနေစဉ် တဲချင်းကပ်လျက်နေ အဒေါ်ဖြစ်သူ ဒေါ်ထွေးစိန်(၈၂)နှစ်၏ အော်ဟစ်အကူအညီတောင်းသံကြားရ၍ မေးမြန်းခဲ့သည်။

ထိုသို့မေးမြန်းရာ နေအိမ်တွင် ဒေါ်ထွေးစိန် တစ်ဦးတည်း ထမင်းစားနေစဉ် ၎င်းထံတွင် ယခင်သူရင်းငှားလုပ်ခဲ့ဖူးသူ တစ်ရွာတည်းနေ အောင်အောင်(ခ)ပြူးနောင် (၂၂)နှစ်နှင့် သက်နိုင်ဦး(ခ)ဖြူတုတ်(၁၅)နှစ်တို့ ရောက်ရှိလာကြောင်း၊ ၎င်းတို့နှစ်ဦးက ဒေါ်ထွေးစိန်၏ ပါးစပ်အားပိတ်၍ လက်အားချုပ်နှောင်ကာ နားတွင်ဝတ်ဆင်ထားသည့် အလေးချိန် တစ်မတ်သားခန့်ရှိ ကျောက်တစ်လုံးနားကပ်အား လုယူသွားကြောင်း သိရသဖြင့် အရေးယူပေးရန် လာရောက်တိုင်တန်းရာ သုံးခွနယ်မြေရဲစခန်းက အမှုဖွင့်ကာ ပြစ်မှုကျူးလွန်သူ အောင်အောင်(ခ)ပြူးနောင်နှင့် သက်နိုင်ဦး(ခ)ဖြူတုတ်တို့အား ယင်းနေ့ည ၇ နာရီခွဲခန့်က ဖမ်းဆီး၍ သက်သေခံနားကပ်အား သိမ်းဆည်းပြီး ဆက်လက်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ကြေးမုံ)**

# ရထားလမ်းပေါ်အိပ်ပျော်နေသူ ရထားကြိတ်ခံရ

**ကျိုက်ထို နိုဝင်ဘာ ၈**

မွန်ပြည်နယ် ကျိုက်ထိုမြို့တွင် ညအချိန် ရထားလမ်းပေါ် အိပ်ပျော်နေသူတစ်ဦး ရထားကြိတ်ခံရ၍ သေဆုံးမှု နိုဝင်ဘာ ၈ရက်က ဖြစ်ပွားခဲ့ကြောင်း သိရသည်။ ဖြစ်စဉ်မှာ ယင်းနေ့နံနက် ၁ နာရီ မိနစ် ၄၀ ခန့်က ကျိုက်ထိုမြို့ ဇေယျာမွန်ရပ်ကွက်နှင့် တောင်သူစု ရပ်ကွက်တို့အကြား ရန်ကုန်-မော်လမြိုင်ရထားလမ်း မိုင်တိုင်အမှတ် (၉၈/၇) နှင့် (၉၈/၈) အကြား ကျိုက်ထိုဘူတာနှင့် သုံးဖာလုံခန့်အကွာ ရထားလမ်းပေါ်တွင် ရန်ကုန်ဘက်မှ လာသော အမှတ်(၃၅) အဆန် လူစီးအမြန်ရထားသည် ရထားလမ်းပေါ်တွင် အိပ်ပျော်နေသော ဝဏ္ဏထွန်း(ခ)ဗလ ပန်းရန်လုပ်သား တိုးချဲ့(၆)လမ်း မြောက်ပိုင်းရပ်ကွက်နေသူအား ကြိတ်မိရာ သေဆုံးခဲ့သည်။

အမှုနှင့်ပတ်သက်၍ ကျိုက်ထိုမြို့မရဲစခန်းက ဓမ္မတာအတိုင်းသေဆုံးခြင်းဟုတ်၊ မဟုတ် သိရှိနိုင်ရန် သေမှုသေခင်းဖွင့်၍ စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**(ရဲခေါင်ဦး)**

# ရွှေတူးဖော်စဉ် သဲမြေပြိုကျ၍ တစ်ဦးသေဆုံး

**စဉ့်ကူး နိုဝင်ဘာ ၈**

စဉ့်ကူးမြို့နယ် ရေမျက်ကျေးရွာ ရွှေလုပ်ကွက်ရှိ ကမ်းပါးမှ သဲများပြိုကျပြီး သဲပိ၍ လူတစ်ဦး သေဆုံးကြောင်း သတင်းအရ စဉ့်ကူးမြို့မရဲစခန်းမှူးဒုရဲမှူးကိုကိုလှိုင်နှင့်အဖွဲ့က သွားရောက်စစ်ဆေးခဲ့သည်။

ထိုသို့စစ်ဆေးရာ အင်းလုပ်သား တင်အောင်ရွှေ(ခ)ရှမ်းလေး ကျဉ်တောက်ပေါက်ကျေးရွာ စဉ့်ကူးမြို့နယ်နေသူဖြစ်ပြီး ၁၀ ပေအမြင့်ရှိ သဲမြေကျောက်များအောက်ခြေ၌ ရွှေတူးဖော်နေစဉ် သဲမြေပြိုကျပိမိ၍ ပြင်ပဒဏ်ရာမရှိဘဲ သေဆုံးသဖြင့် ဆေးရုံသို့ ပို့အပ်ပြီး စဉ့်ကူးမြို့မရဲစခန်းက အမှုဖွင့်စစ်ဆေးလျက်ရှိကြောင်း သိရသည်။

**မောင်ပြည်သူ(မန္တလေး)**

## မွေးမြူရေး၊ ရေလုပ်ငန်းနှင့် ကျေးလက်ဒေသဖွံ့ဖြိုးရေးဝန်ကြီးဌာန
## မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန

၁။ မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ ရန်ကုန်တိုင်းဒေသကြီး၊ မင်္ဂလာဒုံမြို့နယ်၊ မျိုးမြင့်တင်ရေးဌာနစိတ်(ပေါင်းငူ)ရှိ မျိုးရည်ခဲချောင်းထုတ်လုပ်ခြင်းဓာတ်ခွဲခန်းအား အဆင့်မြှင့်တင့်ခြင်းလုပ်ငန်းနှင့် ဓာတ်ခွဲခန်းသုံး စက်ပစ္စည်းကိရိယာများ ဝယ်ယူနိုင်ရေးအတွက် အိတ်ဖွင့်တင်ဒါခေါ်ယူဆောင်ရွက်သွားမည်ဖြစ်ပါသဖြင့် မြန်မာကျပ်ငွေဖြင့် ဈေးနှုန်းအဆိုပြုလွှာ တင်သွင်းနိုင်ကြောင်း ကြေညာအပ်ပါသည်။

၂။ ဈေးနှုန်းအဆိုပြုလွှာများကို မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန၊ တိရစ္ဆာန်ကျန်းမာရေးနှင့်ဖွံ့ဖြိုးရေးဌာနခွဲနှင့် ဖြည့်တင်းရေးနှင့် သိုလှောင်ရေးဌာနစိတ်၊ ရုံးအမှတ်(၃၆)၊ နေပြည်တော်တွင် ရုံးချိန်အတွင်း ဝယ်ယူနိုင်ပြီး အသေးစိတ်သိရှိလိုပါက ဖုန်းအမှတ် ၀၆၇-၄၀၈၀၂၀၊ ၀၆၇-၄၀၈၁၇၅၊ ၀၉-၄၄၈၀၂၂၃၅၆ တို့သို့ ဆက်သွယ်စုံစမ်းနိုင်ပါသည်။

**မွေးမြူရေးနှင့်ကုသရေးဦးစီးဌာန**

အလင်းရောင် +တောင်ကြီး/ပြင်ဦးလွင် (မီးပုံးပျံပွဲတော်)သို့ Yutone, ဂျာမနီMan, Japan ကားများဖြင့်-နေ့စဉ်
www.alinyaungtravels.com
+ကျိုက်ထီးရိုး (နံနက်/ညနေ) နေ့စဉ် (နေ့ချင်းပြန်-အထူး)-28000 +ချောင်းသာ Package -30000
+တောင်ကြီး(မီးပုံးပျံပွဲတော်)၊အင်းလေး၊ထမ်စမ်းဂူ၊ရွှေတော်ကာရဲ -55000 /G-75000
+ပြင်ဦးလွင်(မီးပုံးပျံပွဲတော်)၊မန္တလေး၊ဟန်လင်း(မြို့ဟောင်း)၊မင်းကွန်း၊ရေပြာအိုင် -70000
+ကျောက်ဆည်ရွှေဟောင်းဂူ၊ကျောက်မီမ်းဘုရား၊မန္တလေး (နေ့ချင်းပြန်)Nov-14/25-35000
+ပုဂံ၊ ညောင်ဦး၊ ပုပ္ပါး* (Guest/Hotel) -65000 Nov 13/20/24
09421061860, 421099405, 421129597

Always Myanmar
ချောင်းသာခရီးစဉ်
(စရိတ်ငြိမ်း)
၁ ညအိပ် ၂ရက် -၃၅၀၀၀ ကျပ်
၂ ညအိပ် ၃ ရက်-၅၅၀၀၀ ကျပ်
ဖုန်း-၀၉၇၃၁၃၃၄၈၈၊ ၀၉၇၉၅၆၇၀၂၃၈

ရွှေနဂါး
ကျိုက်ထီးရိုး(နေ့စဉ်)
ချောင်းသာ (နေ့စဉ်)
ငွေဆောင် (နေ့စဉ်)
Ph: 209077, 209388

Y.E.S. Since 1994
International English Language Centre
B.A.(Hons.)(English), M.A.(ESL)(Hawaii, USA)

| Basic Spoken English | | Grammar Foundation Course | |
|---|---|---|---|
| Mon to Thurs-7:30-9:30 am | 16,30 Nov | Sat & Sun - 9:00-12:00 am | 14 Nov |
| Mon to Thurs-3:00-5:00pm | 16 Nov | Mon to Thurs-10:00-12:00am | 16 Nov |
| Mon to Thurs-1:00-3:00pm | 16 Nov | Mon to Thurs-3:00-5:00pm | 23 Nov |
| Sat & Sun - 3:45-6:45 pm | 21 Nov | Structure & Written Expression | |
| MontoThurs 5:30-7:00 pm | 23 Nov | Mon to Thurs - 1:00-3:00pm | 23 Nov |
| Mon to Thurs-10:00-12:00am | 23 Nov | Mon to Thurs - 5:30-7:00pm | 23 Nov |
| Sat & Sun - 12:30-3:30 pm | 28 Nov | Sat & Sun - 3:30-6:30pm | 28 Nov |
| Mon to Thurs-1:00-3:00pm | 30 Nov | IELTS, IELTS, IELTS | |
| Pre-Intermediate English | | SAT, API, AWC, TOEFL, IE, VEC, BWC | |
| Mon to Thurs-5:00-7:00 pm | 23 Nov | | |
| Mon to Thurs-10:00-12:00 am | 23 Nov | | |


No.190, 2nd Flr, 28th St(Upper), Pabedan Tsp. Ph: 01-243950, 246910

RUBY ကားစီးလုံးငှားသည်
519100
09-51-77212, 535100
ခရီးစဉ်မျိုးစုံအတွက် (၄၅၊ ၃၃၊ ၂၄၊ ၁၈၊ ၁၄၊ ၁၀၊ ၇)ယောက်စီးနှင့် Saloon, Van ကားမျိုးစုံငှားနိုင်ပါသည်။ လချုပ်ကားမျိုးစုံငှားရန်ရှိသည်။ (ယာဉ်ပိုင်ရှင်များဆက်သွယ်ပါ)

သွေးသည်
အသက်

ဦးအောင်ဟိန်းကျော်
အင်္ဂလိပ်စကားပြော
နိုင်ငံခြားသားများနှင့်လေ့ကျင့်သည်
အင်္ဂလိပ်စကားပြော(Vol:1,2,3,4) ရေးနည်း(Pre., Vol:1,2,3)
(Ceritificate/Diploma)
392468
095171841
၁၆၇(၃ထပ်)ဆိပ်ကမ်းသာရိပ်မွန်၊ဆိပ်ကမ်းသာလမ်း(လယ်)ရန်ကုန်

# တကွင်းဆည် တူးမြောင်းမကြီးတစ်လျှောက် ရေကျအဆောက်အအုံများ တည်ဆောက်



**ဟိုပင် နိုဝင်ဘာ ၈**

ကချင်ပြည်နယ် မိုးညှင်းခရိုင် ဟိုပင်မြို့နယ်ခွဲတွင် နိုဝင်ဘာ ၇ ရက်က မိုးစပါးစိုက်ဧက ၄၀၀၀ ကို လုံလောက်စွာရေပေးဝေနိုင်မည့် တကွင်းဆည်မှ ဆည်ရေသောက် တူးမြောင်းမကြီးတစ်လျှောက် ရေကျအဆောက်အအုံများ တည်ဆောက်ခြင်းလုပ်ငန်းကိုဆောင်ရွက်တည်ဆောက်လျက်ရှိကြောင်း သိရသည်။

ယခုတည်ဆောက်နေသည့် ရေကျအဆောက်အအုံမှာ အလျား ၂၈ ပေ၊ အနံ ၂၃ ပေ၊ အနက်ကိုးပေရှိသော အဆောက်အအုံဖြစ်ပြီး နေ့စဉ်လုပ်သား ၂၅ ယောက် အသုံးပြုကာ အောက်တိုဘာ ၂၃ ရက်မှ စတင်ဆောက်လုပ်နေကြောင်းသိရသည်။

"ဒီအဆောက်အအုံတွေက နိုဝင်ဘာ ၂၀ရက်နေလောက်မှာ ပြီးစီး သွားမှာပါ။ တူးမြောင်းမကြီးရဲ့ အရှည်ကတော့ တကွင်းဆည် ကနေမြို့သာရွာဟောင်းထိ အရှည်ပေ ၁၁၉၀၊ အကျယ်ခြောက်ပေရှိပါတယ်။ ဒီတူးမြောင်းတစ်လျှောက် ရေကျအဆောက်အအုံအလုံးပေါင်း ၁၇ လုံးတည်ဆောက်မှာပါ။

"၂၀၁၅ - ၂၀၁၆ ခုနှစ် မိုးစပါးစိုက်ရာသီအမီ ဆောက်လုပ်သွားမှာဖြစ်တဲ့အတွက် တောင်သူဦးကြီးများရဲ့စပါးစိုက်ဧက ၄၀၀၀ အတွက်ရေကို လုံလုံလောက်လောက် ပေးဝေနိုင်တော့မှာဖြစ်ပါတယ်" ဟု မိုးညှင်းမြို့နယ် ဆည်မြောင်းဦးစီးဌာနမှ ဒုဦးစီးမှူး ဦးကြည်စိုးက ပြောပြခဲ့သည်။

အဆိုပါ အဆောက်အအုံများမှာ ပြီးခဲ့သည့်နှစ်တွင် အအောက်အုံငါးလုံး တည်ဆောက်ပြီးစီးခဲ့ကြောင်း ၎င်းက ဆက်လက်ပြောသည်။

**နီတိုး**

# လိပ်သိုမြို့တွင် ကျောင်းအဆင့် ကင်းထောက် သင်တန်းဆင်းပွဲကျင်းပ

**လိပ်သို နိုဝင်ဘာ ၈**

ကရင်ပြည်နယ် ဘားအံခရိုင် လိပ်သိုမြို့တွင် ကျောင်းအဆင့် ကင်းထောက်သင်တန်းဆင်းပွဲကို နိုဝင်ဘာ ၆ ရက် မွန်းလွဲ ၁ နာရီတွင် လိပ်သိုမြို့ အထက်တန်းကျောင်း ၊ နှင်းဆီဆောင် ခန်းမတွင် ကျင်းပခဲ့သည်။

အခမ်းအနားတွင် မြို့နယ်ပညာရေးမှူးဒေါ်မိုးပုလဲစိုးက ကင်းထောက်သမိုင်းအကြောင်းနှင့် လိပ်သိုမြို့ တိုက်နယ်ဆရာဝန်ဒေါက်တာဇေယျာဦးက ကင်းထောက် သင်တန်းတွင် သင်ကြားထားသော အတတ်ပညာများကို ပြောကြားခဲ့သည်။

ဆက်လက်၍ သင်တန်းကာလအတွင်း တစ်ဦးချင်း စွမ်းရည်ဆု ၊ အဖွဲ့လိုက် စွမ်းရည်ဆုများကို တာဝန်ရှိသူများက ချီးမြှင့်ခဲ့ပြီး ကင်းထောက်သင်တန်းသားများက သီချင်းသီဆိုခြင်း၊ တဲထိုးခြင်း၊ အလံရိုက်ခြင်း၊ ပတ်တီးစီးခြင်း၊ လူနာသယ်ခြင်း၊ ရှေးဦးသူနာပြုစုခြင်း၊ လဟာပြင်၊ သစ်ပင်အောက် ကစားနည်းစသည့်တို့ကို သရုပ်ပြသကြသည်။

ကရင်ပြည်နယ် တစ်ခုလုံးတွင် ကျောင်းသုံးကျောင်းတွင်သာ ကျောင်းအဆင့် ကင်းထောက်အဖွဲ့ကို ဖွဲ့စည်းနိုင်ခဲ့ပြီး လိပ်သိုမြို့အထက်တန်းကျောင်းတွင် ဒုတိယမြောက်ဖွဲ့စည်းနိုင်သော ကျောင်းဖြစ်သည်။ ကင်းထောက်သင်တန်းသား၊ ကျောင်းသူ ၁၉၇ ဦး၊ သင်တန်းကာလမှာသုံးလ ကြာမြင့်ခဲ့ကြောင်းနှင့် ကင်းထောက်အဖွဲ့မှာ လူမှုဝန်ထမ်းသက်သက်ဖြစ်ပြီး လူငယ်များ အကျင့်စာရိတ္တကို ပြုပြင်ပေးခြင်း၊ သစ္စာရှိမှု၊ မျိုးချစ်စိတ်ရှိမှု၊ သဘာဝပတ်ဝန်းကျင်ကို အကဲခတ်လေ့လာသည့်အလေ့အကျင့်၊ ကိုးကွယ်သည့် ဘာသာတရားနှင့် လူကြီးသူမကို ရိုသေကိုင်းရှိုင်းသည့်အလေ့အထ၊ လက်မှုပညာ သင်ယူလေ့လာခြင်း၊ ကာယ ဗလ၊ စာရိတ္တဗလ တိုးတက်မှုတို့ကို အားပေးခြင်းကြောင့် လူငယ်တိုင်း နိုင်ငံသားကောင်း ဖြစ်ထွန်းလာစေရန် ရည်ရွယ်ဖွဲ့စည်းခြင်း ဖြစ်ကြောင်းသိရသည်။

**မနွယ် (ပြန်/ဆက်)**

❑

# ရေပေးရေးလုပ်ငန်းများ မန္တလေးမြို့တော်စည်ပင်နှင့် သဘောတူလက်မှတ်ရေးထိုး

**မန္တလေး နိုဝင်ဘာ ၈**

JICA ၏ ကူညီထောက်ပံ့မှုဖြင့် မန္တလေး ပြည်ကြီးတံခွန်မြို့နယ် ရေပေးရေးလုပ်ငန်းနှင့်ပတ်သက်၍ မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီနှင့် Consulting Services သဘောတူညီမှုလက်မှတ်ရေးထိုးခြင်းကို နိုဝင်ဘာ၆ရက်မွန်းလွဲ ၂နာရီက မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီရုံးခန်းမ၌ ကျင်းပခဲ့သည်။

ရှေးဦးစွာ JICA ၏ ကူညီထောက်ပံ့မှုဖြင့် ပြည်ကြီးတံခွန်မြို့နယ် တိုးချဲ့ရေပေးရေးစီမံကိန်း အကောင်အထည်ဖော် ဆောင်ရွက်နိုင်ရန်အတွက် မန္တလေးမြို့တော်စည်ပင်သာယာရေးကော်မတီကိုယ်စား တွဲဖက်အတွင်းရေးမှူး ဦးသက်နိုင်ထွန်းနှင့် ဂျပန်နိုင်ငံ TEC International Co.,Ltd. မှ CHIEF CONSULTANT Mr.akiratakeghi တို့က နည်းပညာပိုင်းဆိုင်ရာ Consulting Services သဘောတူညီမှု လက်မှတ်ရေးထိုးကြသည်။

ပြည်ကြီးတံခွန်မြို့နယ်ကို မန္တလေးစည်ပင်သာယာရေး ကော်မတီမှ မြို့နယ်လူဦးရေ၏ငါး ရာခိုင် နှုန်းသာ ရေဖြန့်ဝေပေးနိုင်လျက်ရှိချိန်တွင် JICA မှကူညီ ထောက်ပံ့မှု ဂျပန်ယန်း ၂ ဒသမ ၅၅ ဘီလီယံသန်းခန့် အကူအညီ ပေးခဲ့သည်။

စီမံကိန်းအကောင်အထည်ဖော်ဆောင်ရွက်နိုင်ရန်အတွက် သဘောတူလက်မှတ်ရေးထိုးမှုအား ဇွန် ၃ ရက်တွင် ပြုလုပ်ခဲ့ပြီး ယခုအခါ နည်းပညာပိုင်းဆိုင်ရာအတိုင်ပင်ခံ ကုမ္ပဏီဖြစ်သည့် TEC International Co.,Ltd. နှင့် သဘောတူလက်မှတ်ရေးထိုးခြင်းဖြစ်သည်။

ပြည်ကြီးတံခွန်မြို့နယ်အား ရေပေးဝေနိုင်ရေးအတွက် ၂၀၁၆ ခုနှစ် မတ်လတွင် လုပ်ငန်းစတင် အကောင်အထည်ဖော်မည်ဖြစ်ပြီး ၂၀၁၇ခုနှစ် အောက်တိုဘာတွင် လုပ်ငန်းပြီးဆုံးပါက ပြည်ကြီးတံခွန်မြို့နယ်ရှိ (ဂ)၊ (ဃ)၊ (င) ငွေတော်ကျီကုန်းနှင့် သင်ပန်းကုန်း ရပ်ကွက်များတွင် ရေမီတာလုံးရေပေါင်း ၈၉၅၂ခန့်တပ်ဆင်ပေးသွားမည်ဖြစ်ပြီး ပြည်ကြီးတံခွန်မြို့နယ်လူဦးရေ၏၃၀ရာခိုင်နှုန်းခန့်ရေရရှိတော့မည်ဖြစ် ကြောင်း သိရသည်။

**သီဟကိုကို(မန္တလေး)**




## တန်ဆောင်မုန်းလပြည့်ညနှင့် ဆေးဖက်ဝင် မဲဇလီပင်လေးများအကြောင်း

စာမျက်နှာ - ၁၉ မှ

(၈) ကလေးများ သန်ထပါက မဲဇလီရွက် လတ်လတ်ဆတ်ဆတ် ထောင်းရည် (သတ္တုရည်)နှင့် သံပရာရည် ရောစပ်တိုက်ပေးခြင်းဖြင့် သန်ကျစေနိုင်ပါတယ်။

(၉) ဝမ်းချုပ်ပြီး စမြင်းခံခြင်းအတွက် မဲဇလီဖူးကိုပြုတ်၍ တို့စရာအဖြစ် စားပေးပါက ဝမ်းမှန်၍ လေသက်စေနိုင်ပါတယ်။

(၁၀) ကင်း၊ ပုရွက်ဆိတ် စတဲ့ အဆိပ်ရှိ သတ္တဝါတွေ အကိုက်ခံရပါက၊ မဲဇလီရွက်ကို ကြိတ်၍ ဒဏ်ရာပေါ် အုံပေးပါက အဆိပ်ပြေစေပါတယ်။

(၁၁) နှင်းခူအစိုအတွက် မဲဇလီရွက်ကို သံပရာရည်နှင့်ကြိတ်၍ နှင်းခူပေါ်အုံခြင်း၊ မဲဇလီရွက်ပြုတ်ရည်ဖြင့် ဖန်ရည်ဆေးပေးခြင်းတို့ ပြုလုပ်ပေးပါ။

(၁၂) အမျိုးသမီးများ မျက်နှာပေါ်တွင် မီးယပ်ကွက်ထွက်ခြင်းအတွက် မဲဇလီပွင့် (သို့မဟုတ်) အရွက်ကို အခြောက်လှမ်း အမှုန့်ကြိတ်၍ ရေဖြင့်ဖျော်ပြီး လိမ်းပေးပါ။

(၁၃) မဲဇလီရွက်ပြုတ်ရည်ဖြစ်စေ၊ အရွက်ကို အခြောက်လှမ်း အမှုန့်ကြိတ်၍ဖြစ်စေ ပျားရည်နှင့် ရောစပ်စားပေးပါက သွေးသားသန့်စင်၍ အားအင်ပြည့်ဖြိုးစေပါတယ်။

(၁၄) မဲဇလီ ဖူးထဲတွင်ပါရှိသော သဘာဝ အခါးဓာတ်က အသည်းအားကောင်းစေပါတယ်။

(၁၅) အစာချေစနစ်ကို ကောင်းမွန်စေရုံသာမက၊ ပျို့အန်ခြင်း၊ အက်စစ်ဆန်တက်၍ လေချဉ်တက်ခြင်း၊ ရင်ပူခြင်းတို့ကို သက်သာစေပါတယ်။

(၁၆) ခန္ဓာကိုယ်အတွက်လိုအပ်သော ပရိုတင်းဓာတ်ကို ဖြည့်တင်းပေးပြီး၊ ကိုယ်ခန္ဓာကြီးထွားမှုကို အထောက်အပံ့ပေးပါတယ်။

(၁၇) အူမကြီးကို ကောင်းစွာအလုပ်လုပ်စေလို့၊ ဝမ်းပျော့ပျော့သွားစေပါတယ်။ ထို့ပြင် အူမကြီးနှင့် အူသိမ်အူမများထဲရှိ တုပ်ကောင်၊ သန်ကောင်စတဲ့ ကပ်ပါးကောင်များကို ဖယ်ရှားပေးလို့ အူကို သန့်စင်စေပါတယ်။

(၁၈) ကစီဓာတ်ကြွယ်ဝစွာပါရှိခြင်းကြောင့်၊ ခန္ဓာကိုယ်တွင်း ဇီဝဖြစ်စဉ်ကို ကောင်းကျိုးပြုပါတယ်။

(၁၉) သရက်ရွက်ထဲရှိ ကောင်းသောဆဲလ်အသစ်များကို တိုးပွားစေတာကြောင့်၊ သရက်ရွက်ကို ကျန်းမာစေပါတယ်။

(၂၀) မဲဇလီဖူးထဲတွင်ပါရှိသော သဘာဝ အဆီဓာတ်က ခန္ဓာကိုယ်ထဲရှိ မကောင်းသောဓာတ်များကို လောင်ကျွမ်းစေပါတယ်။

(၂၁) အစွမ်းထက် ဓာတ်တိုးဆန့်ကျင်ပစ္စည်းများအပြင်၊ ပိုလီဖီနောဓာတ်များပါရှိသဖြင့် ခန္ဓာကိုယ်အတွက် မလိုလားအပ်သော ဖရီးရယ်ဒီကယ်များကို သုတ်သင်ဖယ်ရှားပေးတာကြောင့်၊ အူမကြီးကင်ဆာ၊ အစာအိမ်ကင်ဆာရောဂါများ မဖြစ်စေနိုင်ပါ။

(၂၂) မဲဇလီဖူးထဲတွင်ပါရှိသော သတ္တုဓာတ်ပေါင်းစုများက သူငယ်နာ အရိုးပျော့ရောဂါကို ကာကွယ်ပေးတာကြောင့် မွေးဖွားလာသော ကလေးများတွင် ပိုလီရိုရောဂါမဖြစ်စေရန် ကြိုတင်ကာကွယ်သည့်အနေဖြင့် ကိုယ်ဝန်ဆောင်မိခင်များ မဲဇလီဖူးကို မဖြစ်မနေစားသုံးသင့်ပါတယ်။

(၂၃) ဓာတ်ခွဲစမ်းသပ်ချက်များအရ၊ မဲဇလီဖူး၊ အရွက်၊ အပွင့်ထဲတွင် ပါရှိသော အာဟာရဓာတ်များက ဟင်းနုနယ်တွင်ပါရှိသော အာဟာရဓာတ်များနှင့် အလားတူတယ်လို့ ဆိုပါတယ်။

တန်ဆောင်မုန်းလပြည့်ညမှာ ကာလသားတွေဟာ အိမ်တတာ၊ လမ်းတကာမှ ပစ္စည်းများကို ဟိုဟိုဒီဒီ နေရာရွှေ့ကာ၊ စနောက် လေ့ရှိကြတဲ့ 'ကျီးမနိုးပွဲ' (ဝါ) 'စောရပွဲ' ဟာလည်း ချစ်စရာ့ မြန်မာ့ရိုးရာဓလေ့လေးပါ။ ဆေးပေါင်းခတဲ့ တန်ဆောင်မုန်း လပြည့်ညလေးမှာ ပျော်ရွှင်စွာဝိုင်းဖွဲ့ကာ မဲဇလီဖူး သုပ်လေးစားရင်း၊ ရောဂါဘယကင်းဝေးကြပါစေ။

# စေတနာတွေပြည့်လျှံကဲ အညာဒေသစစ်ကိုင်းမြို့ရဲ့ထူးခြားတဲ့ဘုရားပွဲ

**ခဲ တိမ်တမန်**

လမ်းဘေးတွင် မုန့်ဆီကြော်ကြော်ရောင်းနေသော ဆိုင်ကလေးဆီသို့ ဆိုင်ကယ်များ သွားရောက်ကာ ဝယ်ယူစားသောက်နေကြသည့်မြင်ကွင်းကို မြင်ရလျှင် ထူးဆန်းနေကြပေမည်။ မုန့်ဆီကြော်တစ်ခု၁၅၀ ဆယ်ခုယူလျှင် ကျပ် ၁၀၀၀ ဟုပြောကာ ရောင်းနေပေသည်။ဝယ်ယူသူမှာလည်း ပြုံးရွှင်စွာဖြင့် ဝယ်ယူသလို ဝယ်ယူရင်းပင် အမြည်းစားနေလိုက်ပေသည်။ အိမ်အတွက်ပါဆယ်ထည့်ခိုင်းကာ အိမ်မိသားစုအတွက်ပါ ဝယ်နေပေသည်။

